# ပေါလု၏အကျဉ်းထောင်ဩဝါဒစာများ

သင်ခန်းစာ တစ်

ပေါလု၏အကျဉ်းချခံရခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း........ 1

နောက်ခံသမိုင်း........ 2

**အဖမ်းမခံရမီ အဖြစ်အပျက်များ**........ 2

**ယေရုရှလင်တွင် အဖမ်းခံရခြင်း**........ 5

**ကဲသရိမြို့၌ အကျဉ်းချခံရခြင်း**........ 10

**ရောမမြို့၌ အကျဉ်းချခံရခြင်း**........ 14

အမှုတော် ဆက်လက်ဆောင်ရွက်ခြင်း........ 17

**တမန်တော်ဝတ္တု**........ 18

ဆင်းရဲဒုက္ခကို သိရှိခြင်း........ 18

ရည်ရွယ်ချက်ကို သိရှိခြင်း........ 19

ကောင်းချီးမင်္ဂလာများကို သိရှိခြင်း........ 21

**အသင်းတော်များသို့ပေးသော ကျမ်းများ**........ 21

ဟောပြောခြင်း........ 22

ဆုတောင်းခြင်း........ 23

ဆင်းရဲဒုက္ခ........ 24

စာရေးခြင်း........ 28

ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှု........ 31

**ဖန်ဆင်းရှင်ဘုရင်**........ 31

အချုပ်အခြာအာဏာ........ 32

ဂုဏ်အသရေ........ 33

သန္နိဋ္ဌာန်........ 35

**ခရစ်တော်နှင့်ပေါင်းစည်းခြင်း**........ 37

**ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်း**........ 39

ခရစ်တော်သည် ရှင်ဘုရင်ဖြစ်ခြင်း........ 40

ခရစ်တော်ထံ စည်းလုံးညီညွတ်ခြင်း........ 42

နိဂုံး........ 45





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သက္ကရာဇ် ၁၆၇၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဘက်ဖော့ဒ်တွင် ကျော်ကြားသော ပူရီတန်တရားဟော ဆရာနှင့်စာရေးဆရာကြီး ဂျွန်ဘူနီယန်သည် လိုင်စင်မရှိဘဲလူသိရှင်ကြားတရားဟောခြင်းကြောင့်ဖမ်းဆီး ခံရပြီး၊ ထောင်ဒဏ်ခြောက်လ ချမှတ်ခံခဲ့ရသည်။ သူသည် ယခင်ကအကျဉ်းထောင်ထဲတွင် ဆယ့်နှစ်နှစ် နေခံခဲ့ဖူးပြီး၊ ထိုကာလအတွင်း စာအုပ်များနှင့်လက်ကမ်းစာစောင်များစွာကို ရေးသားခဲ့သည်။ ထို့ကြောင့် ဤထောင်ဒဏ်ချမှတ်မှုအသစ်ကို ကြီးစွာသောကြေကွဲဖွယ်အဖြစ် မြင်ရမည့်အစား၊ သူသည် ၎င်းအပေါ် အကောင်းမြင်ခဲ့သည်။ သူက“ကျွန်တော်စာမရေးတာ အတော်ကြာခဲ့ပြီ။ ဤနေရာသည် ထောင်မဟုတ်ပါ၊ ခရစ်တော်၏သတင်းစကားနှင့်အတူ ကမ္ဘာကြီးသို့ကျွန်တော်ရောက်ရှိနိုင်သည့် ရုံးခန်းဖြစ်သည်”ဟုဆို သည်။

ဤအရာများသည် ဘူနီယန်၏တိကျသောစကားများ မဟုတ်သည်ဖြစ်စေ၊ ဤအကျဉ်းချမှုအချိန် တိုအတွင်း သူ၏ဓမ္မအမှုတော်ဆောင်ခြင်းကို ငြင်းဆို၍မရနိုင်ပါ။ ဤခြောက်လအတွင်း ကမ္ဘာတစ်ဝှမ်း သက်ရောက်မှုရှိခဲ့ပြီး ခရစ်တော်အတွက် ယနေ့တိုင်လူတို့ကိုဆက်လက်လွှမ်းမိုးနေသော ခရစ်ယာန် အသက်တာအား သရုပ်ဖော်ထားသည့် The Pilgrim's Progress ကိုသူရေးသားခဲ့သည်။ အကျဉ်းကျနေ ချိန်၌ ခရစ်တော်အတွက် များစွာပြီးမြောက်အောင်မြင်ခဲ့သူကို ကျွန်ုပ်တို့အားလုံး လေးစားသင့်ပါသည်။ ဂျွန်ဘူနီယန်၏လုပ်ဆောင်မှုသည် သက်သေပြခဲ့သကဲ့သို့၊ တမန်တော်ပေါလု၏လုပ်ဆောင်မှုသည် ပို၍ ကြီးမားသောအရာတစ်ခုကို ပြီးမြောက်အောင်မြင်ခဲ့သည်။ ကဲသရိမြို့နှင့် ရောမမြို့တွင်လေးနှစ်ကြာ အကျဉ်းချခံရစဉ်၊ သူသည်ဘူနီယန်၏စာအုပ်ထက် ပိုအရေးကြီးသည့် သြဝါဒစာများကိုရေးသားခဲ့သည်။

ဤသည်မှာ ပေါလု၏အကျဉ်းထောင်သြဝါဒစာများသင်ခန်းစာတွင် ပထမဆုံးသောသင်ခန်းစာ ဖြစ်သည်။ ဤအခန်းဆက်သင်ခန်းစာတွင် “အကျဉ်းထောင်သြဝါဒစာများ” ဟုအများအားဖြင့်ခေါ်သော ပေါလု၏ကျမ်းများကို ကျွန်ုပ်တို့လေ့လာပါမည်။ ဤကျမ်းများသည် ခရစ်တော်၏အမှုတော်ကြောင့် အကျဉ်းကျနေချိန်၌ ခရစ်ယာန်အသင်းတော်များနှင့် လူအမျိုးမျိုးထံ ပေါလုရေးခဲ့သောစာများဖြစ်သည်။ ဤသင်ခန်းစာကို “ပေါလု၏အကျဉ်းချခံရခြင်း”ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင် ကောလောသဲ၊ ဖိလေမုန်၊ ဧဖက်နှင့် ဖိလိပ္ပိတို့ထံ ပေါလုရေးသောကျမ်းများ၏ ဖြစ်ပေါ်လာရသည့် အခြေ အနေများကို လေ့လာပါမည်။

ပေါလု၏အကျဉ်းချခံရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးချက်တွင် အဓိကအကြောင်းအရာသုံးခုကို ဖော်ပြပါမည်_ ဦးစွာ၊ ပေါလု၏ ကဲသရိမြို့တွင်အကျဉ်းချခံရခြင်း၏နောက်ခံသမိုင်းကြောင်းကို ကြည့်ပါ မည်။ ဒုတိယ၊ အကျဉ်းကျနေစဉ်အတွင်း ပေါလု၏အမှုတော်ဆက်လက်ဆောင်ရွက်ခြင်းကို လေ့လာမည် ဖြစ်ပြီး၊ သူသည် အကျဉ်းကျနေချိန်၌ပင် ခရစ်တော်၏တမန်တော်အဖြစ် မည်သို့ဆက်လက်ထမ်းဆောင်

ပုံကို လေ့လာပါမည်။ နောက်ဆုံးအနေနှင့်၊ ၎င်းတို့အားလုံးတွင်ပါဝင်သည့် အဓိကအကြောင်းအရာအချို့ကို အလေးပေးကာ အကျဉ်းထောင်သြဝါဒစာများ၏ ဓမ္မပညာဆိုင်ရာစည်းလုံးမှုကို ဆန်းစစ်ပါမည်။ ပေါလု၏အကျဉ်းချခံရခြင်း၏ နောက်ခံအကြောင်းအရာနှင့် စတင်ကြပါစို့။

# နောက်ခံသမိုင်း

ပေါလု၏အကျဉ်းထောင်သြဝါဒစာများကို ကျွန်ုပ်တို့ချဉ်းကပ်သောအခါ၊ ကောလောသဲ၊ ဖိလေမုန်၊ ဧဖက်နှင့် ဖိလိပ္ပိကျမ်းများကိုရေးသားချိန်၏ ပေါလုအကျဉ်းချခံရသည့်နေရာနှင့်ပတ်သက်၍ ပညာရှင်အချို့၌ အနည်းငယ်ကွဲပြားကြသည်ကို နားလည်ထားရန် အရေးကြီးသည်။ အချို့က ကဲသရိမြို့မှရေးသည်ဟုယုံကြည်ကြပြီး၊ အချို့ကရောမမြို့မှ ရေးသည်ဟုယုံကြည်ကြသည်။ ဤသင်ခန်းစာတွင် ပေါလုသည် သူ၏အကျဉ်းထောင်သြဝါဒစာများကို ရောမမြို့မှရေးခဲ့နိုင်သည်ဟု ကျွန်ုပ်တို့ယူဆမည်ဖြစ်သော်လည်း၊ ဤအသေးစိတ်အချက်သည် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် အရေးကြီးမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ၊ လေးစားရသောပညာရှင်အချို့က ဤကိစ္စရပ်ကို သဘောမတူသောကြောင့် သူ၏အချိန်နှင့်ပတ်သက်၍ မြို့နှစ်မြို့လုံးအပေါ်တွင် ဆွေးနွေးသင့်ပါသည်။

ပေါလု၏အကျဉ်းချခံရခြင်း၏ နောက်ခံအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏စုံစမ်းစစ်ဆေးမှုအားအဖမ်းမခံရမီ၏အဖြစ်အပျက်များကို စစ်တမ်းကောက်ယူခြင်းဖြင့် စတင်မည်ဖြစ်သည်။ ထို့နောက်၊ ယေရုရှလင်မြို့၌ဖမ်းဆီးခံရသည့် အဖြစ်အပျက်များနှင့် ကဲသရိမြို့တွင် သူ၏ကနဦးအကျဉ်းချခံရသည့်အဖြစ်အပျက်များကို လေ့လာပါမည်။ နောက်ဆုံးတွင်၊ ရောမမြို့တွင် သူ၏နောက်ဆက်တွဲအကျဉ်းချခံရမှုကို ကြည့်ပါမည်။ သူအဖမ်းမခံရမီ၏ အဖြစ်အပျက်များကို ဦးစွာကြည့်ကြပါစို့။

## အဖမ်းမခံရမီ အဖြစ်အပျက်များ

ပေါလု၏တတိယသာသနာပြုခရီးစဉ်ပြီးဆုံးခါနီး အေဒီ ၅၆ သို့မဟုတ် ၅၇ ဝန်းကျင်တွင် ဖြစ်နိုင်သည်။ ပေါလုနှင့် သူ၏ခရီးသွားအဖော်များသည် အာရှမိုင်းနားမှ ယေရုရှလင်မြို့သို့ အဓိကအားဖြင့်လှေဖြင့်ထွက်ခွာလာကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ အငတ်ဘေးဒဏ်ခံနေကြရသော ယေရုရှလင်မြို့မှ ဆင်းရဲသောခရစ်ယာန်များထံ စုဆောင်းထားသောရန်ပုံငွေများကို ပေးအပ်ရန်ဖြစ်သည်။ လမ်းခရီးတွင် ပေါလုတို့သည် ဧဖက်အသင်းတော်အနီးရှိ အကြီးအကဲများနှင့်တွေ့ဆုံရာ မိလက်မြို့တွင် ရပ်နားကြသည်။ ဤတွေ့ဆုံမှုအတွင်း ယေရုရှလင်မြို့သို့ရောက်သောအခါ သူသည်အကျဉ်းချခံရမည်ဟု သန့်ရှင်းသောဝိညာဉ်တော်က သူ့အားသတိပေးခဲ့ကြောင်း ပေါလုထုတ်ဖော်ခဲ့သည်။ တမန်တော်ဝတ္ထု ၂၀:၂၂-၂၄ တွင် သူ၏ပရောဖက်ပြုချက်စကားများကို ဖတ်ရပါသည်_

> ယခုမှာငါသည် ဝိညာဉ်တော်အားဖြင့် ချည်နှောင်ခြင်းကိုခံ၍၊ ယေရုရှလင်မြို့သို့သွားရ၏။ ထိုမြို့၌ အဘယ်အမှုရောက်မည်ကိုမသိ။ သို့သော်လည်းချည်နှောင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကိုဆိုင်းလင့်သည်ဟု သန့်ရှင်းသော ဝိညာဉ်တော်သည် ခပ်သိမ်းသောမြို့တို့၌ ငါ့အား သက်သေခံတော်မူ၏။ သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှါ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသောဓမ္မဆရာ အမှုတည်း ဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှု တစုံတခုကိုမျှ ငါသည်ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ (တမန်တော်ဝတ္ထု ၂၀း၂၂-၂၄)။

ပေါလုသည် သူသွားရောက်လည်ပတ်ခဲ့သော မြို့များရှိယုံကြည်သူများအား သူ၏အကျဉ်းချခံရမည့်အကြောင်းကို ပရောဖက်ပြုခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုအား ဤအကျဉ်းချခြင်းဆီသို့ တွန်းအားပေးခဲ့သည်။ ထို့ကြောင့်၊ ဤပရောဖက်ပြုချက်များသည် သူ့လမ်းစဉ်ကို နှောင့်ယှက်ရန်မရည်ရွယ်ဘဲ နောင်လာမည့်အခက်အခဲများအတွက် ပြင်ဆင်ရန်သာဖြစ်ကြောင်း ပေါလုသိခဲ့သည်။ ပေါလုသည် ယေရုရှလင်မြို့၌ ရန်သူများစွာရှိခြင်းကြောင့်၊ သူရောက်လာသောအခါတွင် ဖမ်းဆီးအကျဉ်းချခံရမည်ကို သူသိသည်။ သို့သော် ဤဆင်းရဲဒုက္ခသည် သူ့အတွက် ဘုရားသခင့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကိုလည်း သူသိသည်။

ပေါလုနှင့်အပေါင်းအပါတို့သည် မိလက်မြို့မှကောသကျွန်း၊ ထို့နောက် ရောဒုကျွန်း၊ ထို့နောက်တွင် ပါတရမြို့သို့ ရွက်လွှင့်ခဲ့ကြသည်။ ပါတရမြို့တွင် ကုပရုကျွန်းကိုဖြတ်ပြီး တုရုမြို့သို့သွားသော သင်္ဘောတစ်စင်းကို တွေ့ရှိခဲ့သည်။ တုရုမြို့၌ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရုရှလင်မြို့၌ ရောက်လာမည့်အခက်အခဲများအကြောင်း ပေါလုအားသတိပေးရန် အခြားယုံကြည်သူများအား လှုံ့ဆော်ခဲ့သည်။ သို့သော် ပေါလုသည်သူ၏ပန်းတိုင်သို့ရောက်ရန် စိတ်ပိုင်းဖြတ်ထားဆဲဖြစ်သည်။

ထိုအဖွဲ့သည်တုရုမြို့မှ ပတောလင်မြို့သို့၊ ထို့နောက် ရှမာရိကမ်းရိုးတန်းရှိ ကဲသရိမြို့သို့ ရွက်လွှင့်ခဲ့ကြသည်။ ရှေးခေတ်ကာလတွင် ကဲသရိမြို့ ဟူသည့်မြို့ များစွာရှိသောကြောင့်၊ ဤမြို့ကို အခြားမြို့များနှင့် ခွဲခြားသိမြင်စေရန်အတွက် "ပင်လယ်ကမ်းစပ်ရှိကဲသရိမြို့" ဟုအဓိပ္ပာယ်ရသော ကဲသရိမာရီတီမာမြို့ဟု တစ်ခါတစ်ရံခေါ်ပါသည်။

ကဲသရိမာရီတီမာမြို့တွင် နေထိုင်စဉ်အတွင်း၊ ပေါလုသည် ယေရုရှလင်မြို့သို့မသွားရန် ထပ်မံသတိပေးခြင်းခံခဲ့ရသည်။ ထင်ရှားကျော်ကြားသော ဇာတ်လမ်းတစ်ခုတွင်၊ ပရောဖက်အာဂဗုတ်သည် ပရောဖက်ပြုချက်နိမိတ်လက္ခဏာအဖြစ် မိမိလက်ခြေတို့ကိုချည်နှောင်၍၊ ပေါလုသည် ယေရုရှလင်မြို့သို့ ဆက်သွားပါက ဖမ်းဆီးချုပ်နှောင်ခံရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ပေါလု၏မိတ်ဆွေများသည် အဘယ့်ကြောင့် သူ့ကိုဖမ်းဆီးချုပ်နှောင်ခြင်း မခံစေလိုသည်မှာ နားလည်ရန်လွယ်ကူပါသည်။ သူတို့သည် ပေါလု၏လုံခြုံမှုအတွက် စိုးရိမ်ခဲ့ကြပြီး၊ သူအန္တရာယ်ကြုံတွေ့မည်ကို မလိုလားကြပေ။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဧဝံဂေလိတရားပြန့်ပွားရေးအတွက် ဘုရားသခင်သည် သူ၏ဖမ်းဆီးအကျဉ်းချခြင်းကိုအသုံးပြုရန် စီစဉ်နေကြောင်း ပေါလုသိခဲ့သည်။ တမန်တော်ဝတ္ထု ၂၁:၁၃ ကို ဖတ်ရှုပါက_

> ပေါလုကလည်း၊... သခင်ယေရှု၏ နာမတော်ကြောင့် ယေရုရှလင်မြို့၌ ချည်နှောင်ခြင်းမက၊ အသေသတ်ခြင်းကိုပင် ခံခြင်းငှါ ငါအသင့်ရှိသည်ဟုဆို၏ (တမန်တော်ဝတ္ထု ၂၁:၁၃)။

"သခင်ယေရှု၏နာမတော်ကြောင့်" ဖြစ်လာမည့်သူ၏အကျဉ်းချခြင်းကို ပေါလုနားလည်ခဲ့သည်။ ဆိုလိုသည်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလု၏နောက်လာမည့်အကျဉ်းချခြင်းအား ဧဝံဂေလိတရားတိုးတက်စေရန်နှင့် အသင်းတော်အတွက် အမှုတော်ဆောင်ရန်နည်းလမ်းအဖြစ် အသုံးပြုမည်ဖြစ်သည်။

> နှိပ်စက်ညှဉ်းပန်းခြင်းကို မည်သည့်အချိန်တွင်ရင်ဆိုင်မည်နှင့် မည်သည့်အချိန်တွင် ပြေးရမည်ကို ပေါလုမည်သို့ ဆုံးဖြတ်ခဲ့သည်ကို လူများကမကြာခဏ တွေးတောလေ့ရှိကြသည်။ ၎င်းသည် ဆုံးဖြတ်ချက်ချသည့် အခြေအနေကိုအကြိမ်များစွာ ရောက်ခဲ့သည်ဟု ကျွန်ုပ်ထင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုလမ်းညွှန်ချက်ကို အမှန်တကယ် ပေးခြင်းဖြစ်သော်လည်း၊ ပါဝင်ပတ်သက်သည့် အကြောင်းအချက်များစွာရှိပါသည်။ ပေါလုအတွက်မူ နိုင်ငံတော်တန်ဖိုးများလည်း ပါဝင်သည်ဟု ကျွန်ုပ်ထင်ပါသည်။ နိုင်ငံတော်အတွက် အကောင်းဆုံးသည် အဘယ်နည်း။ သူသည် သူအတွက်သာလုပ်ဆောင်ခြင်းမဟုတ်ပါ။ သူသည် ဆင်းရဲဒုက္ခခံကာ အသေခံရန် ဆန္ဒရှိခဲ့သည်။
>
> **Dr Clay Quarterman**

ဤအန္တရာယ်များကိုရင်ဆိုင်ရစဉ်တွင် သန့်ရှင်းသောဝိညာဉ်တော်ကို ယုံကြည်ကိုးစားရန် ပေါလု၌ အကြောင်းပြချက်ကောင်းရှိသည်။ ပေါလုသည် သူ၏ဒုတိယသာသနာပြုခရီးစဉ်အစောပိုင်းတွင်၊ သူ့အပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ဂရုစိုက်မှုကိုတွေ့မြင်ခဲ့သည်။ တမန်တော်ဝတ္ထု ၁၆:၆-၁၀ အရ ပေါလုသည် အာရှိပြည်နှင့် ဗိသုနိပြည်တို့တွင် ဧဝံဂေလိတရားကို ဟောပြောလိုသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည်သူ့အား တားမြစ်ခဲ့သည်။ ပေါလုအတွက် ဤအရာသည် ထူးဆန်းပုံရှိသော်လည်း၊ ဝိညာဉ်တော်ကိုနာခံပြီး တရောမြို့သို့ သူခရီးထွက်ခဲ့သည်။

တရောမြို့တွင်၊ ပေါလုသည် ဘုရားသခင်၏အကြံအစည်ကို ဖော်ပြသည့်ရူပါရုံကို ရရှိခဲ့သည်_ မာကေဒေါနိပြည်သို့ ဧဝံဂေလိတရားကို သယ်ဆောင်ရန်ဖြစ်သည်။ မာကေဒေါနိပြည်တွင် ပေါလု၏ လုပ်ဆောင်မှုသည် အလွန်အကျိုးဖြစ်ထွန်းခဲ့သည်။ သို့သော် ပေါလုသည် အာရှိပြည်နှင့် ဗိသုနိပြည်တို့တွင် ဟောပြောနေခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုမနာခံခဲ့လျှင်၊ မာကေဒေါနိပြည်တွင် ဟောပြော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိုင်မည်မဟုတ်ပေ။ ဤအတွေ့အကြုံနှင့် အခြားများစွာသောအတွေ့အကြုံအားဖြင့်၊ ပေါလုသည် ယေရုရှလင်မြို့၌ မည်သို့ပင်တွေ့ကြုံမည်ဖြစ်စေ ဝိညာဉ်တော်၏ဦးဆောင်မှုနောက်သို့လိုက်ခဲ့သည်။ ဘုရားသခင်သည် သူ့အားမည်သည့်အရာပြုလုပ်စေလိုကြောင်းနှင့် အံ့ဖွယ်ကောင်းပြီး မမျှော်လင့်ထားသောအရာတစ်ခုခုကို ပြီးမြောက်စေရန် ဤအခက်အခဲကို ဘုရားသခင်အသုံးပြုမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချရန် ပေါလုအတွက်လုံလောက်ပါသည်။

ဧဝံဂေလိတရားပြန့်ပွားစေရန် ဘုရားသခင်သည် မိမိအားခေါ်တော်မူသည်ဟု စိတ်ချခြင်း၊ ဘုရားသခင်၏ဝိညာဉ်တော်ကိုယုံကြည်ခြင်းနှင့် ပေါလုသည်အကျဉ်းချခြင်းအားရင်ဆိုင်ရန် မိမိကိုယ်ကို ကတိသစ္စာပြုခဲ့သည်။ သူသည် ယေရုရှလင်မြို့သို့သွားရောက်ခြင်းဖြင့် သူ၏တတိယသာသနာပြုခရီးကို ပြီးမြောက်ခဲ့သည်။ အေဒီ ၅၇ တွင်ဖြစ်နိုင်ပါသည်။ တမန်တော်ဝတ္ထု ၂၀:၁၆ အရသူသည် နွေရာသီအစပိုင်း၊ ပင်တေကုတ္တေပွဲနေ့အစပြုခါနီးတွင် ရောက်ရှိလာခြင်းဖြစ်ပေမည်။

ကျွန်ုပ်တို့သည် ပေါလုဖမ်းဆီးခံရခြင်းမတိုင်မီ အဖြစ်အပျက်များကို သိရှိပြီးဖြစ်သောကြောင့်၊ ယေရုရှလင်မြို့၌ ဖမ်းဆီးခံရသောအခြေအနေများကို ယခုလေ့လာရန် အနေအထားတွင် ရှိနေပါသည်။ ပေါလုသည် ယေရုရှလင်မြို့ရှိ အာဏာပိုင်များနှင့်ပဋိပက္ခ မည်သို့ဖြစ်ခဲ့သနည်း။ သူ အဘယ်ကြောင့် အကျဉ်းချခံခဲ့ရသနည်း။

## ယေရုရှလင်တွင် အဖမ်းခံရခြင်း

ပေါလုသည် ယေရုရှလင်မြို့သို့ရောက်သောအခါ၊ မနာသုန်အမည်ရှိ ယုံကြည်သူနှင့်အတူနေခဲ့ပြီး အသင်းတော်မှလည်း ကောင်းမွန်စွာလက်ခံခဲ့သည်။ နောက်တစ်နေ့တွင် ပေါလုသည် ဓမ္မသစ်ကျမ်းကို ရေးသားသူ ယေရှု၏ညီ ယာကုပ်ထံသွားရောက်ခဲ့သည်။ ယေရုရှလင်မြို့ရှိအသင်းတော်၏ အသက်ကြီးသူများလည်း ပေါလုကို တွေ့ဆုံရန် စုဝေးခဲ့ကြသည်။ ဤအချိန်တွင် ပေါလုသည် သူ၏တတိယသာသနာပြုခရီးစဉ်တွင် သူစုဆောင်းထားသော အငတ်ဘေးကယ်ဆယ်ရေးရန်ပုံငွေများကို အသင်းတော်သို့ ပေးခဲ့သည်ဟု ယူဆနိုင်ပါသည်။ ပေါလု၏အစောပိုင်းကျမ်းများဖြစ်သည့် ရောမနှင့် ကောရိန္သု ၁ နှင့် ၂ အရ၊ ဤရန်ပုံငွေများသည် ယေရုရှလင်မြို့ရှိ ဆင်းရဲနွမ်းပါးသောခရစ်ယာန်များကို ကူညီပေးရုံသာမက၊ ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားယုံကြည်သူများ ပြန်လည်သင့်မြတ်ရေးအခန်းကဏ္ဍနှင့်ပတ်သက်၍လည်း ပေါလု အလွန်အလေးထားသည်ကို ကျွန်ုပ်တို့သိပါသည်။

ယုဒလူမျိုးခရစ်ယာန်များသည် ခရစ်တော်၏နောက်လိုက် တစ်ပါးအမျိုးသားများထံမှ ဤလက်ဆောင်ကို လက်ခံရရှိသောအခါတွင်၊ သူတို့၏ကျေးဇူးတင်ခြင်းသည် ခရစ်တော်၌ပြည့်ဝသောညီအစ်ကိုများအဖြစ် တစ်ပါးအမျိုးသားများကိုလက်ခံလိုစိတ် ပိုမိုထက်သန်စေမည်ဟု ပေါလုမျှော်လင့်ခဲ့သည်။ သို့သော် တမန်တော်ဝတ္ထုရှိ လုကာ၏မှတ်တမ်းတွင် ငတ်မွတ်ခေါင်းပါးမှု ကယ်ဆယ်ရေးရန်ပုံငွေများ ပေးပို့ခြင်းကို ဖော်ပြထားခြင်းမရှိပါ။ ယင်းအစား၊ ၎င်းသည် ပေါလု၏ဓမ္မအမှုတော်နှင့်ပတ်သက်၍ ယေရုရှလင်အသင်းတော်တွင်ရှိနေသည့် အချို့သောစိုးရိမ်မှုများကို မီးမောင်းထိုးပြသည်။ ယေရုရှလင်

အသင်းတော်သည် ပေါလုမျှော်လင့်ထားသလောက် အငတ်ဘေးကယ်ဆယ်ရေးရန်ပုံငွေကို အလေးမ ထားကြောင်း ၎င်းသည်ညွှန်ပြနေခြင်း ဖြစ်နိုင်ပါသည်။

တစ်ပါးအမျိုးသားခရစ်ယာန်များ၏ ရက်ရောမှု၌ ရွှင်လန်းဝမ်းမြောက်ပြီး ပေါလု၏ဓမ္မအမှုတော် ကို ခိုင်မာစေမည့်အစား၊ ပေါလု၏သွန်သင်ချက်များနှင့် ကျင့်ထုံးများနှင့်ပတ်သက်သည့် ကောလာဟလ အချို့သည် ယေရုရှလင်မြို့သို့ရောက်ရှိလာကြောင်း ယာကုပ်နှင့် အကြီးအကဲများက ပေါလုအား အသိ ပေးခဲ့သည်။ အထူးသဖြင့်၊ ပေါလုသည် အရေဖျားလှီးခြင်းကဲ့သို့သော ယုဒလူမျိုး၏ရိုးရာဓလေ့ထုံးတမ်း များကို တစ်ပါးအမျိုးသားများကြားတွင်နေထိုင်သော ယုဒလူမျိုးခရစ်ယာန်များအနေဖြင့်လျစ်လျူရှုရန် သွန်သင်ပေးခဲ့ကြောင်း ကောလာဟလသတင်းများထွက်ပေါ်လျက်ရှိသည်။ ယခု၊ ယေရုရှလင်မြို့ရှိ ယုဒ လူမျိုးခရစ်ယာန်များသည် ယုဒလူမျိုး၏ရိုးရာအလေ့အထများကို ယုဒလူမျိုးခရစ်ယာန်များအားလုံး ထိန်းသိမ်းသင့်သည်ဟု အခိုင်အမာယုံကြည်ကြသည်။ ထိုကောလာဟလများကြောင့် ဒေသခံယုဒလူမျိုး ခရစ်ယာန်များသည် ပေါလုကိုဆန့်ကျင်ကြမည်ကို ယာကုပ်နှင့် အကြီးအကဲများက စိုးရိမ်ခဲ့ကြသည်။

ပေါလုနှင့်ပတ်သက်သော ဤကောလာဟလများသည် မှားယွင်းကြောင်း ကျွန်ုပ်တို့ထောက်ပြ သင့်သည်။ ပေါလုသည် သူ၏ဩဝါဒစာများတစ်လျှောက်လုံး ဓမ္မဟောင်းတွင်တွေ့ရှိရသော ဘုရားသခင် ၏ ကိုယ်ကျင့်တရားဆိုင်ရာတရားဝင်မှုကို အတည်ပြုခဲ့သည်။ ၎င်းအပြင်၊ မောရှေ၏ပညတ်တွင် သူတို့ ထပ်ဖြည့်သွင်းထားသော ထုံးတမ်းစဉ်လာများကို စွန့်ပယ်ရန် ယုဒလူမျိုးအသိုင်းအဝိုင်းများကို သူ မတိုက် တွန်းခဲ့ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ သူကိုယ်တိုင်က ယုဒလူမျိုးအသိုင်းအဝိုင်းတွင်ရှိစဉ် ယုဒရိုးရာဓလေ့ များကို လိုက်နာခဲ့သည်။ သို့ရာတွင်၊ ခရစ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ခေတ်သစ်တစ်ခု ထွန်းလင်းလာကြောင်းကို သူသွန်သင်ခဲ့သည်။ သူ၏ဩဝါဒစာများတွင် သူရှင်းပြသည့် အတိုင်း၊ ဤထုံးတမ်းစဉ်လာများကို ထိန်းသိမ်းရန် တစ်ပါးအမျိုးသားနှင့် ယုဒလူမျိုးများ *မလိုအပ်ပါ။* ယေဘူယျအားဖြင့် ခရစ်ယာန်အားလုံးသည် ယုဒလူမျိုးတို့၏ဓလေ့ထုံးတမ်းများကို ရိုသေလေးစားသင့် သည်၊ သို့သော် မယုံကြည်သူယုဒလူမျိုးများကြား ဧဝံဂေလိတရားကို ပြန့်ပွားစေရန်အတွက်သာဖြစ်သည် ဟု ပေါလုယုံကြည်ခဲ့သည်။

၁ ကောရိန္သု ၉:၂၀-၂၁ တွင် ဤကိစ္စရပ်များနှင့်ပတ်သက်၍ သူ၏ရပ်တည်ချက်အားဖော်ပြပုံကို နားထောင်ပါ_

> ယုဒလူတို့ကိုရခြင်းအလိုငှါ ယုဒလူတို့၌ ယုဒလူကဲ့သို့ဖြစ်၏။
> ပညတ်တရားကိုကိုယ်တိုင် မဆည်းကပ်သော်လည်း၊ ပညတ်တရားကို
> ဆည်းကပ်သောသူတို့ကို ရခြင်းအလိုငှါ၊ ပညတ်တရားကို
> ဆည်းကပ်သောသူတို့၌ ပညတ်တရားကို ကျင့်သောသူကဲ့သို့ဖြစ်၏။
> ဘုရားသခင်ရှေ့တော်၌ တရားမဲ့မနေ၊ ခရစ်တော်၏တရားကို
> ကျင့်သောသူဖြစ်သော်လည်း၊ ပညတ် တရားမဲ့သောသူတို့ကို ရခြင်းအလိုငှါ
> ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သော သူကဲ့သို့ဖြစ်၏
> (၁ ကောရိန္သု ၉:၂၀-၂၁)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် ဧဝံဂေလိတရားအတွက် ယုဒလူမျိုးတို့၏ထုံးတမ်းစဉ်လာများကို ပျော်ရွှင်စွာ လိုက်နာခဲ့သည်။ သို့သော် ဘုရားသခင်သည် ဓမ္မဟောင်းပညတ်တရားဆိုင်ရာ ဤယုဒလူမျိုးရိုးရာ အသုံး အနှုန်းများကို ထိန်းသိမ်းရန် သူ့ကိုတာဝန်မပေးခဲ့ပါ။ တစ်ပါးအမျိုးသားတို့တွင်ရှိစဉ်အခါ တစ်ပါးအမျိုး သားကဲ့သို့ ပြုမူရန် သူသည်မတွန့်ဆုတ်ခဲ့ပေ။ ဤနေရာတွင် ပေါလုပြောခဲ့သည့်အတိုင်း၊ သူသည် ဤရိုး ရာဓလေ့ထုံးတမ်းများကို လွတ်လပ်စွာစွန့်လွှတ်နိုင်ခဲ့သည်။ သို့သော် သူသည်ခရစ်တော်၌ ပညတ်တရား ၏ ကိုယ်ကျင့်တရားဆိုင်ရာ တောင်းဆိုချက်များနှင့် မလွတ်ကင်းပါ။ အတိုချုပ်အားဖြင့်၊ ခရစ်တော်ကြွ လာတော်မူသည့်အချိန်မှစ၍ ဘုရားသခင်၏ပညတ်တော်များကို ကျင့်သုံးခြင်းတို့သည် ပြောင်းလဲသွားခဲ့ ကြောင်း၊ သို့သော် ဧဝံဂေလိတရားအတွက်ကြောင့် ယုဒလူမျိုးတို့၏ထုံးတမ်းစဉ်လာများကို ဆက်လက် ထိန်းသိမ်းရန် လက်ခံနိုင်ဆဲဖြစ်ကြောင်း ပေါလုယုံကြည်ခဲ့သည်။

ဤကဲ့သို့ သိမ်မွေ့သောအယူဝါဒကို နားလည်မှုမည်သို့လွဲနိုင်ကြောင်း၊ သို့မဟုတ် ပေါလုသည် ယုဒလူမျိုးများကို ၎င်းတို့၏ထုံးတမ်းစဉ်လာများကိုစွန့်လွှတ်ရန် သွန်သင်ထားသည်ဟု ကောလာဟလ များအဘယ်ကြောင့် ထွက်ပေါ်လာသည်ကို စိတ်ကူးကြည့်ရန် မခဲယဉ်းပါ။ မည်သို့ပင်ဆိုစေကာမူ၊ ယာကုပ်နှင့် အကြီးအကဲများသည် ယေရုရှလင်မြို့ရှိ ယုဒလူမျိုးခရစ်ယာန်များကို ကျေနပ်ပျော်ရွှင်စေ မည်ဟု သူတို့ယုံကြည်ထားသည့်ဖြေရှင်းနည်းတစ်ခု ရခဲ့ကြသည်။

အထူးသဖြင့်၊ ပေါလုသည်ယေရုရှလင်မြို့ရှိ ဗိမာန်တော်၏ ထုံးတမ်းစဉ်လာများတွင် ပါဝင်ခြင်း ဖြင့် မောရှေ၏ပညတ်ကို ကတိကဝတ်ပြုကြောင်းသက်သေပြရန် သူတို့အကြံပြုခဲ့သည်။ အထူးသဖြင့်၊ သူတို့သည် နာဇရိကတိသစ္စာခံထားသောလူလေးဦးနှင့် သန့်စင်ခြင်းထုံးတမ်းများပြုလုပ်ရန် သူ့ကို တိုက်တွန်းခဲ့သည်။ ၎င်းက ပေါလု၏ပညတ်တရားကို နာခံမှုနှင့် ယုဒလူမျိုးရိုးရာဓလေ့ကို နာခံကြောင်း ပြသမည်ဖြစ်သည်။ သူတို့သည် ပေါလု၏စာနာမှုအတိမ်အနက်ကို သက်သေပြသမည့် ဤနာဇရိလူ လေးဦးအတွက် ဆက်စပ်အသုံးစရိတ်များကို ပေးရန်လည်း ပေါလုအား တောင်းဆိုခဲ့ကြသည်။

> ပေါလုသည် ယေရုရှလင်မြို့သို့ နောက်ဆုံးခရီးထွက်သောအခါ၊ ကတိသစ္စာ ပြုခဲ့သော ယေရှုကိုယုံကြည်သူ ယုဒလူမျိုးလေးဦးနှင့်ပတ်သက်သော အလွန်အရေးကြီးသော သန့်စင်ခြင်းဆိုင်ရာ ယုဒလူမျိုး၏ထုံးတမ်းတွင် ပါဝင်ခဲ့သည်။ မည်သည့်ကတိသစ္စာဖြစ်သည်ကို ယခုကျွန်ုပ်တို့မသိသော်လည်း၊ ဤကိစ္စတွင် ပါဝင်နေသည့်လုပ်ငန်းစဉ်ကို ကျွန်ုပ်တို့ သိပါသည်။ လုပ်ငန်းစဉ်မှာ၊ သူတို့သည် နောက်ဆုံးတွင် ဗိမာန်တော်သို့ သွားကြပြီး၊ ပူဇော်သက္ကာပြု၍ ကတိသစ္စာပြုမည့်အချိန်ကို ရွေးကြသည်...သူတို့နှင့်အတူ ဗိမာန်တော်သို့ သွားလေသည်။ သူတို့၏ကတိသစ္စာကိုပြည့်စုံစေရန်နှင့်ထိုအရာနှင့်အတူ မိမိကိုယ်ကို သန့်စင်စေခြင်းငှာ၊ သူသည် ထိုသူတို့၏ပူဇော်သက္ကာကို— များစွာသော ငွေပမာဏဖြစ်မည်—ပေးတော်မူသည်။ သူဤသို့လုပ်ဆောင်ရ ခြင်း၏ အဓိကအကြောင်းရင်းမှာ၊ ကယ်တင်ခြင်းရရှိခြင်းအလို့ငှာ ပညတ်တရားကိုလိုက်နာရန် ကြိုးစားခြင်းနှင့် အမှန်တကယ် မသက်ဆိုင်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဧဝံဂေလိတရားအတွက် တံခါးပို၍ဖွင့်ထားခြင်းသာဖြစ်သည်…ပေါလုသည် သူပါဝင်သည့် ခလေ့ထုံးစံများ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမျိုးမျိုး၏ အရာများကို ဧဝံဂေလိတရားနှင့်အတူ သူရောက်ရှိလိုသောသူများထံသို့ရောက်ရန် တံတားတစ်ခုအဖြစ်ရှုမြင်ခဲ့သည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ကြောင့် ယုဒလူမျိုး များ၏ သန့်စင်ခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာကို ဖြည့်ဆည်းပေးရန် သူလုပ်ဆောင် ခြင်းဖြစ်သည်။

**Dr Dan Lacich**

တမန်တော်အဖြစ်တစ်ပါးအမျိုးသားများထံ၊ သူ၏လုပ်ရပ်များသည် ယုဒလူမျိုးခရစ်ယာန် များသာမက သူကိုယ်စားပြုသော တစ်ပါးအမျိုးသားခရစ်ယာန်များကိုပါ ထိခိုက်စေမည်ကို ပေါလု သိခဲ့သည်။ နာဇရိလူများကိုကူညီထောက်ပံ့ပေးပြီး မိမိကိုယ်ကိုသန့်ရှင်းစေခြင်းဖြင့်၊ တစ်ပါးအမျိုးသား တို့၏ ငွေကြေးဆိုင်ရာမပြီးမြောက်ခဲ့သည့်အရာကို သူ့အနေဖြင့်ပြီးမြောက်စေနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ သည်၊ ဥပမာအားဖြင့် ယေရုရှလင်မြို့၌ ယုဒလူမျိုးခရစ်ယာန်များသည် တစ်ပါးအမျိုးသားခရစ်ယာန်များ ကို နွေးထွေးစွာ ကြိုဆိုဧည့်ခံခြင်းဖြစ်သည်။ ထို့ကြောင့်၊ ယုဒလူမျိုးများကြားတွင် ခရစ်တော်၏ အကြောင်းကြောင့်၊ အထူးသဖြင့် အသင်းတော်အတွင်း ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများ ပြန်လည်သင့်မြတ်ရေးအတွက်၊ ပေါလုသည် ဤကိစ္စနှင့်ပတ်သက်၍ ယေရုရှလင်အသင်းတော်၏ တရား စီရင်ချက်ကိုတင်ပြပြီး သူ၏သန့်စင်ခြင်းရက်သတ္တပတ်ကို စတင်ခဲ့သည်။

ပေါလု၏ သန့်စင်ခြင်းရက်သတ္တပတ် ကုန်ဆုံးခါနီးတွင်၊ သူသည် ဗိမာန်တော်၏တန်တိုင်း အတွင်း ခန်း၌ အချိန်ကုန်စေခဲ့သည်။ ဗိမာန်တော်မြေနေရာများသည် အပြင်တန်တိုင်းနှင့် အတွင်းတန်တိုင်းတို့ ပါဝင်သည်။ အပြင်တန်တိုင်းနှင့် အတွင်းတန်တိုင်းကို တံခါးဖြင့် ခြားထားသည်။ လူမျိုးပေါင်းစုံကို ဝင်ခွင့် ပြုသည့်အတွက် အပြင်တန်တိုင်းကို တစ်ပါးအမျိုးသားများ၏တန်တိုင်းဟုခေါ်သည်။ အတွင်းတန်တိုင်း၊ ဣသရေလတန်တိုင်းမှုကား၊ ယုဒလူမျိုးများအတွက် သီးသန့်ထားရှိသည်။ ဣသရေလတန်တိုင်းထဲသို့ ဝင်လာသည့် တစ်ပါးအမျိုးသားများသည် သေဒဏ်အထိ ခံရသည်။

ပေါလုသည် ဣသရေလတန်တိုင်းတွင်ရှိစဉ်၊ အာရှမိုင်းနားမှယုဒလူမျိုးအချို့သည် သူ့ကိုအသိ အမှတ်ပြုခဲ့သည်။ ၎င်းတို့သည် ခရစ်တော်၏နောက်လိုက်များထက် မယုံကြည်သော ယုဒလူမျိုးများ ဖြစ်ဖွယ်ရှိသည်။ အစောပိုင်းတွင်၊ ထိုယုဒလူမျိုးများသည် ယေရုရှလင်မြို့သို့ ပေါလုနှင့်အတူ လိုက်ပါခဲ့ သည့် တရောဖိမ်အမည်ရှိ အမျိုးသားတစ်ဦးနှင့်အတူ ပေါလုအားတွေ့ဖူးသည်။ တရောဖိမ်သည် အာရှ မိုင်းနားမှဖြစ်ပြီး၊ အာရှယုဒလူမျိုးများသည် သူသည် တစ်ပါးအမျိုးသားဖြစ်ကြောင်းကို သိကြသည်။ ထို့ကြောင့် ပေါလုကို ဣသရေလတန်တိုင်း၌တွေ့သောအခါ၊ တရောဖိမ်သည်လည်း ထိုတန်တိုင်းအတွင်း သို့ဝင်ကြောင်း မှားယွင်းစွာယူဆသဖြင့် ဒေါသထွက်ခဲ့ကြသည်။

တုန့်ပြန်မှုမှာ ထိုယုဒလူတို့သည် ပေါလု၏တစ်ဘက်၌မြို့ကိုနှိုးဆော်ပြီး၊ ဒေါသထွက်နေသော လူအုပ်သည် သူ့အားသတ်ရန် ရည်ရွယ်ကာ ဣသရေလတန်တိုင်းမှ ဆွဲထုတ်ခဲ့ကြသည်။ သို့ရာတွင်

ယေရုရှလင်မြို့၌ ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို ရောမမြို့ခံတပ်မှူးက ကြားသောအခါ၊ နှောင့်ယှက်မှုကို ချေမှုန်းရန် အလျှင်အမြန်သွားကာ ပေါလုကိုသံကြိုးဖြင့် ချုပ်နှောင်ကာဖမ်းဆီးလိုက်သည်။ ကလောဒိလုသိ ဟုခေါ်သော တပ်မှူးတစ်ဦးသည် လူစုလူဝေး၏ဒေါသကိုဖြေရှင်းရန် ပေါလုအားအတင်းအကျပ်ရိုက်နှက်ရန် ကနဦးစီစဉ်ခဲ့သော်လည်း၊ ပေါလုသည် ရောမနိုင်ငံသားဖြစ်သည်ကို သိလိုက်ရသောအခါ နောင်တရခဲ့သည်။ ရောမမြို့သားတစ်ဦးအနေဖြင့်၊ ပေါလုသည် အမှုစစ်ဆေးခြင်းမရှိဘဲ သံကြိုးနှင့်ရိုက်နှက်ခြင်းမပြုရ အပါအဝင် အထူးဥပဒေဆိုင်ရာ အကာအကွယ်များကို ခံစားခွင့်ရှိသည်။

နောက်တစ်နေ့တွင် လုသိသည်ပေါလုအပေါ် စွပ်စွဲချက်များအား ရှာဖွေစစ်ဆေးရန် ယုဒလူမျိုး အုပ်ချုပ်ရေးအဖွဲ့ ဆန်ဟီဒရင်ရှေ့တွင် ပို့ဆောင်ခဲ့သည်။ သိသာထင်ရှားသည်မှာ၊ ဣသရေလတန်တိုင်းသို့ တရောဇိမ်ဝင်ရောက်ခဲ့ကြောင်း သက်သေထွက်ဆိုမည့်သူ မရှိပါ၊ ထို့ကြောင့် ပေါလုသည် သူ၏သွန်သင်ချက်များကို ယုဒလူမျိုးများစွာ အဘယ်ကြောင့်တိုက်ခိုက်ကြသည်ကို ရှင်းပြခြင်းဖြင့် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ခဲ့သည်။ တမန်တော်ဝတ္ထု ၂၃:၆-၈ ကို ဖတ်ရှုပါက_

> ထိုအရာရှိတို့တွင် အချို့တို့သည် ဇဒ္ဒုကဲဖြစ်ကြသည်၊ အချို့တို့သည် ဖာရိရှဲဖြစ်ကြသည်ကို ပေါလုသိမြင်လျှင်၊ ညီအစ်ကိုတို့၊ အကျွန်ုပ်သည် ဖာရိရှဲဖြစ်၏။ ဖာရိရှဲ၏သားလည်းဖြစ်၏။ သေသောသူတို့သည် ထမြောက်မည်ဟု မြော်လင့်ခြင်းအကြောင်းကြောင့်၊ အကျွန်ုပ်သည် စစ်ကြောစီရင်ခြင်းကို ခံရ၏ဟု လွှတ်တော်ပေါ်မှာ ကြွေးကြော်လေ၏။ ထိုအခါ ဖာရိရှဲတို့နှင့် ဖဒ္ဒုကဲတို့သည် အချင်း ချင်းငြင်းခုံ၍ အစုအဝေးသည် ကွဲပြားခြင်းသို့ရောက်လေ၏။ ကွဲပြားသည်အကြောင်းကား၊ ဇဒ္ဒုကဲတို့က၊ ထမြောက်ခြင်းမရှိ၊ ကောင်းကင်တမန်မရှိ၊ နံဝိညာဉ် မရှိဟုယူကြ၏။ ဖာရိရှဲတို့က၊ နှစ်ပါးစလုံးရှိသည်ဟု ဝန်ခံကြ၏ (တမန်တော်ဝတ္ထု ၂၃း၆-၈)။

ပေါလုသည် ဖာရိရှဲတစ်ဦးဖြစ်ပြီး၊ သူဟောပြောသော ဧဝံဂေလိတရားသည် ဖာရိရှဲများ၏ သွန်သင်ချက်များနှင့် အရေးကြီးသောအချက်များတွင် သဘောတူညီသောကြောင့်၊ ဇဒ္ဒုကဲများက သူ့ကို ဆန့်ကျင်ကြသည်ဟု ဆိုသည်။ အထူးသဖြင့် ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ယင်းသည် မှန်ပါသည်။ ဇဒ္ဒုကဲများသည် သေလွန်သူများ၏ကိုယ်ခန္ဓာ ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ကြပါ၊ ရလဒ်အနေနှင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်း ပေါလု၏ခရစ်ယာန်သွန်သင်ချက်ကို သူတို့သည်းမခံနိုင်ကြပေ။

ယခင်နေ့တွင်၊ ပေါလုမှ ဒေါသထွက်နေသောလူအုပ်အား ယေရှုသည် အသေခံခြင်းမှထမြောက်ခဲ့ကြောင်း၊ ရူပါရုံဖြင့် သူ့အားထင်ရှားပြခဲ့ကြောင်း၊ ဧဝံဂေလိတရားကို ယေရှုသည်သူ့အား ရှင်းပြခဲ့ကြောင်း ပြောခဲ့သည်။ ထို့ကြောင့်၊ ရှင်ပြန်ထမြောက်သောခရစ်တော်၏ရူပါရုံကိုအခြေခံ၍ ဧဝံဂေလိတရားကို ဟောပြောသည်ဟု ဆန်ဟီဒရင်ရှေ့တွင် ပေါလုဟောပြောသောအခါ၊ ဖာရိရှဲများထံမှစာနာမှုအချို့ ရရှိခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် သူ့ကိုယ်သူ ဖာရိရှဲတစ်ဦးအဖြစ်မှတ်ယူပြီး၊ ၎င်းတို့၏ယုံကြည်ချက်များနှင့် နည်းလမ်းများစွာတွင် တူညီကြောင်းကို ဖာရိရှဲများ သိရှိသဘောပေါက်သွားသည်နှင့် သူတို့သည် ဆန်ဟီဒရင်တွင် သူ့ကို ခုခံကာကွယ်လာကြသည်။ သို့ရာတွင် ဇဒ္ဒုကဲတို့မှုကား အလျှော့ပေးခြင်းမရှိသဖြင့်၊ အစည်းအဝေးသည် အလွန်ပြင်းထန်ကြမ်းတမ်းလာသည်။ ထို့ကြောင့် ရောမစစ်သူကြီး ကလောဒိလုသိသည် ပေါလုကို ချုပ်နှောင်ထားပြန်သည်။

နက်ဖြန်နေ့တွင် လုသိသည် စွပ်စွဲချက်များ၏အမှန်တရားကို သိနိုင်ရန်အတွက် ပေါလုအား ဆန်ဟီဒရင်ထံ တစ်ဖန်တင်ပြရန် ရည်ရွယ်ခဲ့သည်။ သို့သော် စိတ်ဓါတ်ထက်သန်သော ယုဒလူမျိုးလေးဆယ်သည် ဆန်ဟီဒရင်သို့ ပေါလုမရောက်မီ ချောင်းမြောင်းသတ်ဖြတ်ရန် ကြံစည်ခဲ့ကြောင်း ပေါလု၏တူဖြစ်သူသည် လုသိအား သတိပေးခဲ့သည်။ ယခု၊ ပေါလုသည် ရောမနိုင်ငံသားဖြစ်သောကြောင့် လုသိသည် သူ့ကိုကာကွယ်ပေးရန် တာဝန်ရှိသည်။ ထို့ကြောင့် ပေါလုကိုဆန်ဟီဒရင်ထံမပို့ဘဲ၊ ယေရုရှလင်မြို့အနီးရှိ ကဲသရိမာရီတီမာမြို့ ယုဒပြည်၏ ရောမဘုရင်ခံ မာကပ်စ်အန်တိုနီယပ် ဖေလဇ်၏အချုပ်ထဲသို့ ပို့ဆောင်ခဲ့သည်။

ယခု ကျွန်ုပ်တို့သည်ယေရုရှလင်တွင် ပေါလု၏ အဖမ်းခံရသည့်အခြေအနေများနှင့် အဖြစ်အပျက်များကို ပြန်လည်သုံးသပ်ပြီးဖြစ်၍၊ ကဲသရိမြို့ရှိ ဖေလဇ်၏အချုပ်တွင် အကျဉ်းချခံရခြင်းကို ကျွန်ုပ်တို့အာရုံစိုက်သင့်ပါသည်။

# ကဲသရိမြို့၌ အကျဉ်းချခံရခြင်း

ပေါလု၏အကျဉ်းချချိန်အတွင်း၊ ရောမပြည်နယ်တစ်ခုဖြစ်သည့်ယုဒတွင် တောင်ဘက်တွင်ယုဒ၊ အလယ်တွင်ရှမာရိနှင့် မြောက်ဘက်တွင် ဂါလိလဲနယ်တို့သည် ပါဝင်သည်။ ကဲသရိမာရီတီမာမြို့သည် ရှမာရိကမ်းရိုးတန်းတွင် တည်ရှိနေသည်ကို သင်မှတ်မိပါလိမ့်မည်။ ၎င်းသည် ရောမပြည်နယ်ယုဒ၏ မြို့တော်လည်း ဖြစ်ခဲ့သည်။

အေဒီ ၅၇ ခန့်တွင်၊ ပေါလုသည် ကဲသရိမာရီတီမာမြို့သို့ ပထမဆုံးရောက်ရှိသောအခါ၊ သူသည် ရောမဘုရင်ခံဖေလဇ်၏ အချုပ်ထဲတွင် ငါးရက်ကြာနေခဲ့သည်။ သူ့ကိုစွပ်စွဲသည့် သူများထဲမှာ ယဇ်ပုရောဟိတ်မင်း အာနနိ၊ ယုဒလူမျိုးအကြီးအကဲအချို့နှင့် အဖွဲ့၏ရှေ့နေဖြစ်သည့် တေရတုလုတို့ ပါဝင်သည်။

တရားစွဲဆိုသူယုဒများ ရောက်လာသောအခါ၊ ဖေလဇ်သည် ကြားနာသည်။ ဤကြားနာပွဲတွင် ပေါလုသည် ငြိမ်းချမ်းရေးကို နှောင့်ယှက်ပြီး အဓိကရုဏ်းများကို လှုံ့ဆော်သည်ဟု တေရတုလုက စွပ်စွဲခဲ့သည်။ ယုဒပြည်၌ ငြိမ်သက်ခြင်းရှိရန် သူ၏တာဝန်ဖြစ်သောကြောင့် ဘုရင်ခံဖေလဇ်၏အမြင်တွင် ဤအရာသည် အလွန်ပြင်းထန်သော စွဲချက်တစ်ခုဖြစ်သည်။ သို့သော် ပို၍အရေးကြီးသည်မှာ၊ ယုဒလူမျိုး၏ ရှုထောင့်အရ ပေါလုသည် ဗိမာန်တော်၏သန့်ရှင်းမြင့်မြတ်မှုကို ချိုးဖောက်ရန်ကြိုးစားသည်ဟုလည်း စွပ်စွဲကြသည်။ တက်ရောက်လာသော ယုဒလူမျိုးအကြီးအကဲများသည် ဤစွပ်စွဲချက်ကို အတည်ပြုခဲ့ကြသော်လည်း၊ တရားဝင်သက်သေအဖြစ် မည်သူတစ်ဦးမျှလာရောက်ခြင်း မရှိပါ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုဒလူမျိုးများသည် ပေါလုနှင့်ပတ်သက်သော မှားယွင်းသောကောလာဟလများကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကြောင်း ထင်ရှားပါသည်။ ပေါလုသည် ယုဒဘာသာ၏ကျဆုံးခြင်းကို ကြိုးပမ်းခဲ့ကြောင်း၊ ဗိမာန်တော်ကို မထီလေးစားပြုရန်ကြိုးစားမှုအပေါ် ဂုဏ်ယူဝင့်ကြွားစွာဝန်ခံမည်ဖြစ်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် ယုဒတရားစွဲဆိုသူများ၏ တစ်ခုတည်းသောသက်သေမှာ ပေါလုကိုယ်တိုင်ပင် ဖြစ်သည်။ တမန်တော်ဝတ္ထု၂၄:၈ တွင် ဖေလဇ်ထံသို့ တေရတုလု၏ အဆုံးသတ်စကားများကို ကျွန်ုပ်တို့ ဖတ်ရပါသည်_

> ဤသူ[ပေါလု]ကို ကိုယ်တော်တိုင် စစ်တော်မူလျှင်၊ အကျွန်ုပ်တို့
> အပြစ်တင်သောအကြောင်း အရာများကိုသေချာစွာ သိနိုင်တော်မူမည်ဟု
> လျှောက်ထား၏ (တမန်တော်ဝတ္ထု၂၄:၈)။

ပေါလုသည် ရှေ့နေတစ်ဦးမဟုတ်သော်လည်း စွပ်စွဲသူများအား ၎င်း၏တုံ့ပြန်မှုသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ သူ၏ခုခံကာကွယ်မှုတွင် အဓိကအချက်လေးချက်ပါရှိသည်။ ရှေးဦးစွာ၊ စွပ်စွဲထားသောရာဇဝတ်မှုများအတွက် သက်သေမရှိဟု ထောက်ပြခဲ့သည်။ ၎င်းသည် သူ့အပေါ် သူတို့၏စွဲချက်များအတွက်မည်သည့်အခြေခံမှ မရှိဟုဆိုလိုသည်။ ပေါလုသည် နေ့ခင်းလူစည်ကားသောနေရာ၌ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသောကြောင့် ယင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ အကယ်၍ သူသည် အပြစ်ရှိခဲ့မည်ဆိုလျှင်၊ တစ်စုံတစ်ဦးက ယင်းကိုအမှန်ပင် တွေ့မြင်သင့်သည်။ ဒုတိယအချက်မှာ၊ ငြိမ်းချမ်းရေးကို အနှောက်အယှက်ဖြစ်စေသူမှာ သူမဟုတ်ဘဲ အခြားသူများသာဖြစ်သည်ဟု မှန်ကန်စွာဖြေရှင်းခဲ့သည်။ ထိုအဓိကရုဏ်းသည် အာရှမိုင်းနားမှ ယုဒလူမျိုးများထံမှစတင်ခဲ့ခြင်းဖြစ်သည်။ ပေါလုသည် ရောမငြိမ်းချမ်းရေးကို နှောင့်ယှက်သူမဟုတ်၊ အာရှမိုင်းနားမှယုဒလူမျိုးများသာ ဖြစ်သည်။ ပေါလုကိုလုပ်ကြံရန် ယုဒလူမျိုးများကြံစည်သည်ဟု စွပ်စွဲသော လုသိထံမှစာဖြင့် ဤအချက်ကို အတည်ပြုခဲ့သည်။ တတိယအနေနှင့် သူ၏စွပ်စွဲသူများကို အံ့အားသင့်စေသည်မှာ၊ ပေါလုသည် ဗိမာန်တော်ကို ညစ်ညူးစေလိုသောဆန္ဒမရှိကြောင်း အခိုင်အမာပြောဆိုခဲ့ခြင်းဖြစ်သည်။ ဆန့်ကျင်ဘက်အနေနှင့်၊ သူသည် သမ္မာကျမ်းစာတွင် ရေးထားသမျှကိုယုံကြည်ပြီး၊ ဝတ်ပြုကိုးကွယ်ရန် ဗိမာန်တော်သို့ လာလေ့ရှိခဲ့သည်။ စတုတ္ထ၊ ပေါလုသည် ဘုရင်ခံဖေလဇ်အား ဆန်ဟီဒရင်သည်သူ့အပေါ် အပြစ်ရှာ၍မတွေ့ခဲ့ကြောင်း အသိပေးခဲ့သည်။ ဤအငြင်းပွားမှုသည် တရားစွဲခံရခြင်းအပေါ် များစွာထိခိုက်စေခဲ့သည်။ မှန်ကန်သော ယုဒလူမျိုးတရားစီရင်ရေးအဖွဲ့ဖြစ်သည့် ဆန်ဟီဒရင်သည် စွပ်စွဲထားသောရာဇဝတ်မှုများအတွက် သူသည်အပြစ်ရှိကြောင်း သက်သေမပြခဲ့ပါ။ အဘယ်ကြောင့် သူ့ကိုကွပ်မျက်ရန် သူတို့ကြိုးပမ်းကြသနည်း။

> တမန်တော်ဝတ္ထုကို ဖတ်ရှုရာတွင် တွေ့မြင်ရသည့်အရာတစ်ခုမှာ၊
> ပေါလုကိုဆန့်ကျင်သူများ၏ နက်ရှိုင်းသောစိတ်ထက်သန်မှုသည်
> တရားဥပဒေနည်းလမ်းအရဖြစ်စေ တရားမဝင်နည်းလမ်းဖြင့်ဖြစ်စေ၊
> ပေါလုသတ်ဖြတ်ခံရသည်ကို တွေ့မြင်ရန်ဖြစ်သည်။ ပေါလုသည်
> သူ၏ရန်သူများအား အဘယ်ကြောင့် ဤမျှလောက်လူသတ်ဒေါသစိတ်ကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ပေါ်စေသနည်းဟု မေးစရာရှိလာပါသည်...၎င်းကို ဖြေနိုင်သည့်
နည်းလမ်းများစွာရှိသည်ဟု ကျွန်ုပ်ထင်ပါသည်၊ မယုံကြည်သည့်
ယုဒလူမျိုးအာဏာပိုင်များရှေ့မှောက်တွင် ကနဦးခရစ်ယာန်များကို
သင်တွေ့မြင်ရသည့်အတိုင်း၊ လုကာ၏တမန်တော်ဝတ္ထုတွင် ထွက်ပေါ်လာ
သည့်စကားလုံးတစ်လုံးရှိသည်၊ "မနာလိုမှု"ဟူသည့်စကားလုံးဖြစ်သည်။
လူတို့သည် တရားဇရပ်မှထွက်ခွာသွားကြသည်၊ ယေရှုခရစ်ထံ စုရုံးကြပြီး၊
အခြားခရစ်ယာန်များနှင့်မိတ်သဟာယဖွဲ့ကာ တမန်တော်များ၏သွန်သင်ခြင်းနှင့်
အယူဝါဒအောက်တွင် နေထိုင်နေကြသည်ကို သူတို့က မနာလိုဖြစ်ကြသည်။

**Dr Guy Waters**

ယခု၊ ဘုရားသခင်၏လျှို့ဝှက်ဆန်းကြယ်သော ပံ့ပိုးပေးမှုတွင်၊ ဖေလဇ်သည် မရိုးသားသော အုပ်စိုးရှင်တစ်ဦးဖြစ်သည်။ ပေါလုအပေါ်မခိုင်လုံသော စွပ်စွဲချက်များအပေါ်အခြေခံ၍၊ ဖေလဇ်သည် သူ့ကိုလွှတ်ပေးနိုင်သည်။ သို့သော်သူမလုပ်ခဲ့ပါ။ ယင်းအစား၊ ကိုယ်ကျိုးစီးပွားအတွက် အခွင့်အလမ်း တစ်ခုဟု မြင်သောကြောင့်၊ ပေါလုထံမှ တံစိုးလက်ဆောင်ရရန် စောင့်ဆိုင်းလို၍ အမှုကို စီရင်ဆုံးဖြတ် ခြင်းအား ငြင်းပယ်ခဲ့သည်။ တမန်တော်ဝတ္ထု၂၄:၂၆ တွင် လုကာဤသို့ရှင်းပြခဲ့သည်–

ပေါလုသည် မိမိလွတ်ရအောင် ငွေပေးမည်ဟု ထိုမင်း[ဖေလဇ်]သည်
ထင်မှတ်လျက်၊ မကြာမကြာပေါလုကိုခေါ်၍ သူနှင့်စကားပြောလေ၏
(တမန်တော်ဝတ္ထု၂၄:၂၆)။

အစပိုင်းတွင်၊ ဖေလဇ်သည် ကဲသရိမြို့သို့ ရောမစစ်သူကြီးလုသိ ရောက်လာသောအခါ၊ ပေါလု၏ အမှုကိုကိုင်တွယ်မည်ဟုပြောခဲ့သည်။ သို့သော်ဖေလဇ်သည် ပေါလု၏အမှုစီရင်ချက်ကို နှစ်နှစ်ကြာ ပယ်ချခဲ့သည်။ သို့သော် ဤနှစ်နှစ်ကုန်ဆုံးချိန်တွင်၊ ဖေလဇ်၏နေရာတွင် ပေါကိဖေတ္တုအား ဘုရင်ခံ အဖြစ်အစားထိုးခဲ့သည်။ ဖေတ္တုသည် အေဒီ ၅၉ တွင် ဘုရင်ခံအဖြစ် တာဝန်ထမ်းဆောင်သည်။ ယေရုရှ လင်မြို့ရှိ ပေါလုအားဆန့်ကျင်သူ ယုဒလူမျိုးများသည် ပေါလုကိုသတ်ရန် နောက်ထပ်အခွင့်အရေးကို မြင်ခဲ့ကြသည်။ သူတို့သည် ပေါလုအား ထပ်မံတိုက်ခိုက်ရန် စီစဉ်ခဲ့ကြပြီး၊ သူ၏အမှုကို ပြန်လည်ဖွင့်ကာ ဒေသအလိုက် ကိုင်တွယ်ဖြေရှင်းလိုသည့်ဟန်ဆောင်မှုဖြင့် ပေါလုကိုယေရုရှလင်မြို့သို့ ပို့ဆောင်ရန် ဖေတ္တုမင်းအား အသနားခံခဲ့ကြသည်။ ထို့ကြောင့်၊ ဖေတ္တုသည် ကြားနာမှုတစ်ခုကျင်းပခဲ့ပြီး၊ ကဲသရိမြို့ တွင်မဟုတ်ဘဲ ယေရုရှလင်မြို့၌ သူ၏အမှုကိုကြားနာလိုပါလောဟု ပေါလုအား မေးမြန်းခဲ့သည်။

ဤအချိန်တွင်၊ ပေါလုသည် သူ၏အမှုကိုယေရုရှလင်တွင်ကြားနာရန် သဘောတူမည့်အစား၊ နီရိုကဲသာဘုရင်ကိုယ်တိုင် သူ၏အမှုကိုကြားနာရန် ရောမ နိုင်ငံသားတစ်ဦးအနေဖြင့် ၎င်း၏အခွင့်အရေး ကို တောင်းဆိုခဲ့သည်။ ဖေတ္တုသည်ဤတောင်းဆိုချက်ကို ခွင့်ပြုရုံမှတပါးရွေးချယ်စရာမရှိပေ။ ဤအယူ ခံဝင်မှုအတွက် ပေါလု၏သီးခြားလှုံ့ဆော်မှုကို သမ္မာကျမ်းစာတွင် မှတ်တမ်းတင်မထားသော်လည်း၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ၒင်းကို ရှင်းပြနိုင်သည့်အသေးစိတ်အချက်အချို့ကို ကျွန်ုပ်တို့သိပါသည်။ ပထမအချက်၊ ပေါလုသည် ယေရုရှလင်မြို့၌ ရုံးတင်စစ်ဆေးပြီးနောက် လွတ်မြောက်လာမည်ဟုယုံကြည်ရန် အကြောင်းပြချက် အနည်းငယ်သာရှိခဲ့သည်။ ဖေလဇ်သည် သူ့ကိုတရားမျှတစွာ မစစ်ဆေးသောကြောင့် အကျဉ်းနှစ်နှစ် ကျခဲ့ပြီးဖြစ်သည်။ ဖေတ္တုသည် အမှုကို ပိုမိုတရားမျှတစွာစီရင်မည်ဟု သူယုံကြည်ရန် အကြောင်းမရှိပေ။ ဒုတိယ၊ သူ့ကိုသတ်ရန် ယုဒလူမျိုးတို့၏ကြံစည်မှုကို ပေါလုသတိပြုမိပေမည်။ တမန်တော်ဝတ္ထု ရေးသူနှင့် ပေါလု၏မိတ်ဆွေလုကာသည် ပေါလုအား ကဲသရိမြို့မှ ယေရုရှလင်မြို့သို့ ပေါလုလွှဲပြောင်း စဉ်အတွင်း လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သည်ကို သိရှိခဲ့သည်။ ထို့ကြောင့် ပေါလုသည်လည်း ဤကြံ စည်မှုကို သိရှိထားကြောင်းကို ကျိုးကြောင်းဆီလျော်စွာ ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။ တတိယနှင့် အရေးကြီးဆုံးမှာ၊ ပေါလုသည် လုသိ၏ဖမ်းဆီးခြင်းကိုခံရသောအခါ၊ ရောမမြို့၌ ဧဝံဂေလိတရားကို ဟောရန် အသက်ရှင်မည်ဖြစ်ကြောင်း သခင်ဘုရားသည်ပေါလုအား ဗျာဒိတ်ရူပါရုံဖြင့် ကိုယ်တော်တိုင် ထင်ရှားပြခဲ့သည်။ တမန်တော်ဝတ္ထု ၂၃:၁၁ ကို ဖတ်ရှုပါက_

> နက်ဖြန့်နေ့ညဉ့်တွင် သခင်ဘုရားသည် ပေါလုအနား၌ပေါ်လာတော်မူလျက်၊ ပေါလုမစိုးရိမ်နှင့်။ ငါ၏အကြောင်းအရာကို သင်သည်ယေရုရှလင်မြို့၌ သက်သေခံပြီးသည်နည်းတူ၊ ရောမမြို့၌လည်းခံရလေဦးမည်ဟု မိန့်တော်မူ၏ (တမန်တော်ဝတ္ထု ၂၃:၁၁)။

အဖမ်းခံရချိန်၌ပေါလု၏ရူပါရုံသည် သူ၏အကျဉ်းချခံရခြင်းက နောက်ဆုံးတွင် ရောမမြို့တွင် ခရစ်တော်၏အကြောင်းကိုဟောပြောရန် အခွင့်အရေးရစေမည်ဟု စဉ်းစားစေခဲ့သည်။ ကျွန်ုပ်တို့မြင်ရ သည်အတိုင်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုအား ထောင်သွင်းအကျဉ်းချခြင်းသည် သူ၏ ဧဝံဂေလိတရားကို ဆက်လက်ဆောင်ရွက်မည်ဟု ပိုမိုယုံကြည်လာစေခဲ့ပြီးဖြစ်သည်။ ထိုအချိန်တွင်၊ သူ၏အကျဉ်းချခံရမှုသည် ရောမမြို့သို့သွားရန် တံခါးဖွင့်ပေးမည်ကို သူသိရှိခဲ့သည်။

ထိုအကြောင်းပြချက်များ၏ပေါင်းစပ်မှုတိုင်းသည် ပေါလု၏အမှုကို ကဲသာဘုရင်ထံ အယူခံဝင် ရန် လုံလောက်သော လှုံ့ဆော်မှုဖြစ်ခဲ့ပေမည်။ သို့သော် သူ၏လှုံ့ဆော်မှု မည်သို့ပင်ရှိစေကာမူ၊ ထင်ရှား သည့်အချက်မှာ_ ပေါလုသည် နောက်ဆုံးတွင် အကျဉ်းထောင်တွင်းမှဖြစ်မည်ဆိုလျှင်ပင်၊ ရောမမြို့တွင် ဧဝံဂေလိတရားဟောပြောမည် ဖြစ်သည်။ ယခု ပေါလုသည်ရောမမြို့သို့ ပို့ဆောင်မခံရမီ၊ ငယ်ရွယ်သော ဘုရင်ဟေရုဒ်အဂြိပ္ပ ၂ ၏ရှေ့တွင် သူ၏အမှုကိုရှင်းပြခွင့်ရခဲ့သည်။ ပေါလု၏စကားများကိုကြားနာပြီး နောက်၊ အဂြိပ္ပသည်ဖေတ္တုအား ပေါလုအနေဖြင့်ကဲသာဘုရင်ထံ အယူခံဝင်ခြင်းမပြုပါက လွတ်မြောက် နိုင်သည်ဟု ပြောခဲ့သည်။ သို့သော် ပေါလုအတွက် အလွန်ကွဲပြားခြားနားသောအရာတစ်ခုဘုရားသခင်၌ ရှိသည်။

ဤအချိန်တွင်၊ ရောမ၏တန်ခိုးသည် ကမ္ဘာပေါ် ရှိစာတန်နှင့် နတ်ဆိုးတို့၏ တန်ခိုးအရှိဆုံးဖော်ပြ ချက်အဖြစ် သစ္စာရှိယုဒများ၏အမြင်တွင်ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ ဗျာဒိတ်ကျမ်းတွင်၊ တမန်တော်ယောဟန်သည် ရောမမြို့ကို ခရစ်တော်၏နောက်လိုက်များအား ညှဉ်းပန်းနှိပ်စက်သည့် ကြီးမားသောစာတန်၏စွမ်းအားအဖြစ် နောက်ပိုင်းရည်ညွှန်းခဲ့သည်။ ရောမမြို့တွင် ဟောပြောခြင်းသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့်နိုင်ငံတော်၏ရည်ရွယ်ချက်များကို ခမ်းနားသောပြသမှုတစ်ခုဖြစ်သည်။ တမန်တော်ဝတ္ထု၏ နောက်ဆုံးအခန်းငယ်များတွင် လုကာဂုဏ်ပြုသည့်အတိုင်း၊ လောက၏ဘုရင်အစစ်အမှန်ဖြစ်သော ယေရှု၏နှုတ်ကပတ်တော်အား၊ ဘုရားသခင်သည် ဆိုးညစ်သောလောကအင်ပါယာ၏နှလုံးသားထဲသို့ ပို့ဆောင်ရန် ပေါလုအား လမ်းဖွင့်ပေးခဲ့သည်။

ပေါလု၏ဖမ်းဆီးခံရခြင်းမတိုင်မီ အဖြစ်အပျက်များ၊ ယေရုရှလင်တွင် ဖမ်းဆီးခံရမှုနှင့် ကဲသရိမြို့တွင် ပေါလု၏နှစ်နှစ်အကျဉ်းချခံရခြင်းတို့ကို တွေ့မြင်ပြီးနောက်၊ ယခု ကျွန်ုပ်တို့သည် ရောမမြို့တွင် သူ၏နောက်ဆက်တွဲအကျဉ်းချခြင်းကို ကြည့်ရှုရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။ ကဲသရိမြို့မှ ရောမမြို့သို့ ခရီးရှည်ကို အာရုံစိုက်ခြင်းဖြင့် ကျွန်ုပ်တို့စတင်ပါမည်။

## ရောမမြို့၌ အကျဉ်းချခံရခြင်း

ပေါလုသည် ရောမအင်ပါယာ၏သံ့ပန်းဖြစ်သောကြောင့်၊ ရောမအစောင့်အရှောက်ဖြင့် ပို့ဆောင်ခြင်းခံရသည်။ ထို့ကြောင့်၊ သူ့ကို ရောမတပ်မှူးယုလိ၏အုပ်ချုပ်မှုအောက်တွင် နေရာချထားပြီး၊ အာရှ မိုင်းနားသို့ ဦးတည်သော သင်္ဘောပေါ်တွင် တင်ခဲ့သည်။ ပေါလု၏ခရီးသွားဖော် လုကာနှင့် အာရိတ္တာခုတို့ သည် လိုက်ပါခွင့်ရခဲ့သည်။

သင်္ဘောသည် ကဲသရိမြို့မှရွက်လွှင့်ခဲ့သည်၊ အေဒီ ၅၉ နှောင်းပိုင်းတွင်ဖြစ်နိုင်ပါသည်။ ပေါလု သည် သူ၏မိတ်ဆွေအချို့ထံ လည်ပတ်ခွင့်ရခဲ့သည့်ဇိဒုန်မြို့တွင် သင်္ဘောသည် ပထမဆုံး ဆိုက်ကပ်လာ သည်။ ဇိဒုန်မြို့မှ ကုပရုကျွန်း၊ ကိလိကိပြည်နှင့် ပဖုလိကမ်းရိုးတန်းဖြတ်ပြီး၊ လုကိုပြည်၊ မုရမြို့သို့ ရွက်လွှင့်ခဲ့ကြသည်။ မုရမြို့တွင် ဣတလိပြည်ကို ဦးတည်သည့်သင်္ဘောတစ်စင်းပေါ်တက်ကြသည်။ ထိုအချိန်မှစ၍ သူတို့သည် ကြမ်းတမ်းစွာရွက်လွှင့်ခဲ့ရသည်။ သူတို့သည် ကနိဒ်မြို့သို့ခရီးဆက်ပြီးနောက်၊ တောင်ဘက် ကရေတေကျွန်းသို့ရွက်လွှင့်ကာ နောက်ဆုံးတွင် ကာလုလိမင်းအမည်ရှိသောအရပ်သို့ ဆိုက်ကပ်ခဲ့သည်။

ယခုအချိန်သည် ဆောင်းရာသီဖြစ်သောကြောင့်၊ ရာသီဥတုသည် ရွက်လွှင့်ခြင်းအတွက် အန္တရာယ်ဖြစ်သည်။ ဤအန္တရာယ်ကြောင့် ပေါလုသည် တပ်မှူးယုလိအား ဣတလိပြည်သို့ထွက်မသွား ရန် အကြံပေးခဲ့သည်။ ပေါလုသည် အတွေ့အကြုံရှိသင်္ဘောသားများအား အကြံပေးခြင်းက ထူးဆန်း သည်ဟုထင်ရသော်လည်း၊ တစ်စုံတစ်ခုကိုသတိရရန် အရေးကြီးသည်_ ပေါလုသည် ပရောဖက်ပြုချက် ဆိုင်ရာ ထိုးထွင်းသိမြင်ရုံသာမက၊ ၂ ကောရိန္သု ၁၁:၂၅ အရသူသည် ယင်းမတိုင်မီက သင်္ဘောပျက်ခြင်း သုံးကြိမ်မှ လွတ်မြောက်ခဲ့သည်။ ပေါလုသည် ရောမမြို့တွင် ဧဝံဂေလိတရားကို ဟောပြောလိုသည်။ ရောမမြို့တွင် သူ၏ကံကြမ္မာကို ရှောင်ရှားလိုသောကြောင့် ရွက်လွှင့်ခြင်းမပြုရန် အကြံပေးခဲ့သည်။ ယင်းအစား၊ သူသည် ရောမမြို့သို့ လုံခြုံစွာရောက်ရှိခြင်းဖြင့် ဘုရားသခင်ပေးထားသည့် တာဝန်ကို ဖြည့်ဆည်းလိုသောကြောင့်၊ သူ၏သတိပေးခြင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ၊ သင်္ဘောကပ္ပတိန်နှင့် ပိုင်ရှင်သည် ၎င်းတို့၏ခရီးအောင်မြင်မည်ဟု ယုလိ အား ယုံကြည်စေပြီး၊ ပေါလု၏သတိပေးချက်ကိုဆန့်ကျင်ကာ သင်္ဘောကိုရွက်လွှင့်ခဲ့သည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မကြာမီတွင်၊ ၎င်းတို့သည် မြေထဲပင်လယ်အတွင်း အလုပ်မ်းဝေးသော ကလောဒကျွန်းကိုဖြတ်၍တိုက်ခတ်သည့် ပြင်းထန်သောမုန်တိုင်းတစ်ခုကို ကြုံတွေ့ခဲ့ကြသည်။ မုန်တိုင်းသည် နှစ်ပတ်ကြာခဲ့သည်၊ ထိုအချိန်တွင် ပေါလုသည် သင်္ဘောပေါ်ပါသူများကို အမှုဆောင်ခဲ့သည်။ ဘုရားသခင်သည် သူ့အား ထုတ်ဖော်ပြသခဲ့သည့်အရာဖြင့် သူတို့ကို အားပေးခဲ့သည်— သူတို့အားလုံး လွတ်မြောက်ကြမည်ဖြစ်သည်။ နောက်ဆုံးတွင် သင်္ဘောသည် မေလိတေကျွန်းအနီးရှိ သန္တာကျောက်တန်းကို ဝင်တိုက်ကာ ရေလှိုင်းကြောင့် ပျက်စီးသွားခဲ့သည်။ သင်္ဘောပျက်စီးသွားသဖြင့် သင်္ဘောသားများ၊ စစ်သားများ၊ အကျဉ်းသားများနှင့် သင်္ဘောပေါ် ရှိ အခြားသူများသည် မေလိတေကျွန်းတွင် သောင်တင်နေခဲ့သည်။ ပေါလု၊ သူ၏အပေါင်းအဖော်များနှင့်အစောင့်များသည် မေလိတေကျွန်းတွင် သုံးလကြာနေထိုင်ခဲ့ပြီး၊ ထိုအချိန်အတောအတွင်း ကျွန်း၌နေထိုင်သူများမှ ပြုစုစောင့်ရှောက်ခဲ့ကြသည်။

ပေါလုသည် မေလိတေကျွန်းတွင် နေထိုင်စဉ်အတွင်း ထူးခြားဖြစ်ရပ်အချို့ဖြစ်ပွားခဲ့သည်။ တစ်ကြိမ်တွင်၊ ပေါလုသည် အဆိပ်ရှိသောမြွေကိုက်ခံရသည်။ ပေါလုသည် လူသတ်သမားဖြစ်ကြောင်း နိမိတ်လက္ခဏာအဖြစ် ကနဦးတွင် ဒေသခံတို့က မှတ်ယူခဲ့ကြပြီး၊ သူ့ကိုသေမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ပေါလုသည် မြွေကိုက်ခံရခြင်းမှ မည်သည့်ဆိုးကျိုးကိုမျှ မခံစားခဲ့ရပေ။ ရလဒ်အနေနှင့်၊ ဒေသခံများသည် ပေါလုနှင့်ပတ်သက်၍ စိတ်ပြောင်းသွားပြီး၊ သူသည် နတ်ဘုရားတစ်ပါးဖြစ်သည်ဟု ထင်လာကြသည်။

ယခုတွင်၊ ပေါလုသည် ဒေသခံများအား နတ်ဘုရားအဖြစ် ဆက်လက်ခံယူရန် ခွင့်မပြုကြောင်း အခြားဆက်စပ်အကြောင်းအရာများမှ ကျွန်ုပ်တို့သိပါသည်။ ဥပမာအားဖြင့်၊ လုတ္တရမြို့သားတို့သည် ပေါလုအား စေရမနတ်ဘုရားဟု လွဲမှားစွာမှတ်ယူသောအခါ၊ ပေါလုက သူသည် လူသားမျှသာဖြစ်ကြောင်း ကန့်ကွက်ခဲ့ပြီး၊ ၎င်းတို့အား ဧဝံဂေလိတရားကို တင်ပြရန် အခွင့်အရေးကို အသုံးပြုခဲ့သည်။ ၎င်းကိုလည်း သူသည်မေလိတေကျွန်းတွင် လုပ်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ ပေါလုသည် မေလိတေကျွန်းတွင် အံ့ဖွယ်နည်းဖြင့် ကုသခြင်းများစွာကိုလည်း ပြုလုပ်ခဲ့သည်။ မေလိတေကျွန်း၏ကျွန်းသူကြီး ပုဗလိ၏ဖခင်ကို ကုသပေးခြင်းဖြင့်၊ သူ၏ကုသခြင်းအမှုတော်ကို စတင်ခဲ့သည်။ ပေါလုသည် ပုဗလိ၏ဖခင်ကို ကုသပေးကြောင်း သတင်းပြန့်သွားသောအခါ၊ ဖျားနာနေသော မေလိတေကျွန်းရှိ အခြားလူများကလည်း ပေါလုထံသို့လာ၍ကုသခံကာ ပျောက်ကင်းကြသည်။

သုံးလကြာပြီးနောက်၊ အေဒီ ၆၀ အစောပိုင်းကာလတွင်၊ ဆောင်းရာသီကုန်လွန်သွားသဖြင့် ပေါလု၊ သူ၏အပေါင်းအဖော်များနှင့် အစောင့်များသည် ဣတလိပြည်သို့ တစ်ဖန်ပြန်ရွက်လွှင့်ခဲ့ကြသည်။ မေလိတေကျွန်းမှထွက်ခွာပြီး စစ္စလီကျွန်း မြောက်ဘက်သို့ရွက်လွှင့်ကာ သုရကုတ်မြို့ ဆိပ်ကမ်းသို့ရောက်ရှိခဲ့သည်။ သုရကုတ်မြို့မှ ဣတလိပြည်မကြီး၏ တောင်ဘက်စွန်းရှိ ရေဂျုန်မြို့သို့ ရွက်လွှင့်ခဲ့ကြသည်။ သူတို့သည် ရေဂျုန်မြို့မှ ထွက်ခွာသွားသောအခါတွင်၊ အနီးပတ်ဝန်းကျင်ဒေသများမှ ယုံကြည်သူများ ပေါလုထံလာရောက်လည်ပတ်သည့်နေရာ ပေါတယောလိမြို့သို့ ပြင်းထန်သော တောင်လေသည် သူတို့အားလျင်မြန်စွာ သယ်ဆောင်သွားသည်။ တစ်ပတ်အကြာတွင် ပေါလုကိုရောမမြို့သို့ ခေါ်ဆောင်သွားကြသည်။ အေဒီ ၆၀ တွင် ရောမမြို့သို့ရောက်ရှိလာပြီး နေအိမ်အကျယ်ချုပ် ကျခံခဲ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် အေဒီ ၆၀ မှ ၆၂ အတွင်း၊ ရောမမြို့တွင် နှစ်နှစ်ကြာနေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့သည်။ ထိုအချိန်တွင်၊ သူသည် အစောင့်အကြပ်နှင့်ရှိသော်လည်း၊ ဧည့်သည်များကို လက်ခံရန်နှင့် လွတ်လပ်စွာ သင်ကြားခွင့်ကိုလည်း ရခဲ့သည်။ ယုဒပြည်ရှိ ယုဒလူမျိုးခေါင်းဆောင်များသည် ပေါလု၏အမှုကို ရောမရှိယုဒလူမျိုးများအား အသိပေးခြင်းမပြုသောကြောင့်၊ ရောမရှိယုဒလူမျိုးများသည် ပေါလုအား ၎င်းတို့ကိုယ်တိုင်မေးမြန်းစုံစမ်းမှုကို ပြုလုပ်ကြသည်။ သူ၏ဟောပြောခြင်းအားဖြင့် အချို့သောသူတို့သည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ သို့သော် အခြားသူများသည် ယေရှုနှင့်ပတ်သက်သော သူ၏ပြောဆိုချက်များကို ဓမ္မဟောင်းကျမ်းအားဖြင့် ငြင်းဆိုခဲ့ကြသည်။ တမန်တော်ဝတ္ထု ၂၈:၃၀-၃၁ တွင် ပေါလု၏ ရောမမြို့၌နေထိုင်မှုကို လုကာအကျဉ်းချုပ်ဖော်ပြခဲ့သည်_

> ထိုနောက်မှပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသောအိမ်၌နေသဖြင့်၊
> မိမိထံသို့လာသော သူအပေါင်းတို့ကို ဧည့်ခံ၍၊ အဘယ်သူမျှမမြစ်တားဘဲ၊
> ဘုရားသခင်၏နိုင်ငံတော်အကြောင်းကိုအတည့်အလင်းဟောပြော၍၊
> သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင်ပြသလျက်နေ၏
> (တမန်တော်ဝတ္ထု ၂၈:၃၀-၃၁)။

ယေရုရှလင်မြို့၌ ပေါလု၏အဖမ်းခံရခြင်းသည် တရားမျှတမှုမရှိ၊ နာကျင်စေကာ အသက်အန္တရာယ်ပင်ဖြစ်စေခဲ့သည်။ ကဲသရိမြို့တွင် သူ၏အကျဉ်းချခံရမှုသည် တရားမျှတမှု၏ရှည်လျားသည့်အမှားအယွင်းတစ်ခုဖြစ်သည်။ ရောမမြို့သို့ သူ၏ခရီးစဉ်သည်လည်း အခက်အခဲများစွာကြုံခဲ့ရသည်။ သို့သော် နောက်ဆုံးတွင် ပေါလု၏မျှော်လင့်ချက် အကောင်အထည်ဖော်ခဲ့ပြီး ဘုရားသခင်၏ရည်ရွယ်ချက်များ ပြည့်စုံခဲ့သည်။ ပေါလုသည် ရောမမြို့သို့ သွားခဲ့သည်။ နှစ်နှစ်ကြာအောင် သူသည် ရောမအင်ပါယာ၏တန်ခိုးကိုဆန့်ကျင်သော အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်သည့် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ဟောပြောနိုင်ခဲ့သည်။ ရောမမြို့တွင် သူသည်ဘုရင် “သခင်ယေရှုခရစ်”အကြောင်း သွန်သင်ခဲ့သည်။ ထို့ပြင် သူသည် သူ၏ခေတ်တွင် အင်အားအကြီးမားဆုံး ဆိုးညစ်သောအင်ပါယာ၏ မြို့တော်တွင် နေအိမ်အကျယ်ချုပ်ကျနေသော်လည်း “ရဲရင့်စွာဖြင့် အတားအဆီးမရှိ” လုပ်ဆောင်ခဲ့သည်။

> ဘုရားသခင်သည် လူတစ်ဦး၏ခရီးလမ်းကို ထိုသူ၏စိတ်ကူးထက်ကျော်လွန်၍
> ကြီးမားသောရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးပုံမှာ ထူးခြားသောကြောင့်၊
> ရောမမြို့သို့ ပေါလု၏ခရီးသည် အလွန်စိတ်လှုပ်ရှားဖွယ် ကောင်းပါသည်။
> အကယ်၍ ပေါလုသည် တရားဇရပ်များ၊ လမ်းများပေါ်တွင်သာ ဟောပြောရမည်၊
> လူတန်းစားအချို့ကိုသာ စကားပြောခွင့်ရှိသည်ကို စိတ်ကူးကြည့်မည်ဆိုလျှင်၊
> ဘုရားသခင်၏ခရီးစဉ်၊ သူ၏အသက်တာတွင် ဘုရားသခင်ပြုတော်မူသော
> လုပ်ငန်းတော်သည် "အကျဉ်းချခံရခြင်း"ဟုခေါ်သည့် အရာသို့ပြောင်းသွားမည်
> ဖြစ်သည်။ သို့သော် ထိုအကျဉ်းချခံရမှုက ယခု သူ့အား စစ်သားများ၊
> ရောမစစ်သားများအား သတ်သတ်မှတ်မှတ်ပြောဆိုခွင့်ရစေသည်။
> ပို့ဆောင်ရမည့်ညတစ်ညတွင် ခြေလျင်တပ်သားနှစ်ရာ၊ လှံတပ်သူရဲနှစ်ရာနှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မြင်းစီးသူရဲခုနစ်ကျိပ်တို့သည် ညအချိန်၌ သူ့ကို ပို့ဆောင်ရလေသည်။ သူတို့မည်သည့်အရာများပြောနေကြမည်ကို ခန့်မှန်းကြည့်ပါ။ ပေါလု။ ဧဝံဂေလိတရား။ ယခုလည်း သူသည် တရားစရပ်သို့ မရောက်ဖူးသော အရာရှိများ၊ လမ်းမပေါ်မရောက်ဖူးသော အုပ်ချုပ်ရေးမှူးများနှင့် လူများရှေ့တွင် ရပ်နေရသည်။ ရောမမြို့သို့ သူ၏ခရီးသည် လူတိုင်းအတွက် ဧဝံဂေလိတရား ရရှိရန် ဘုရားသခင်၏အစီအစဉ်၏ ကြီးမားသောရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည်။
>
> **— Pastor Johnson Oni**

ယခု ကျွန်ုပ်တို့သည် ပေါလု၏အကျဉ်းချခံရခြင်း၏နောက်ခံကို စစ်တမ်းကောက်ယူပြီးနောက်၊ အကျဉ်းချခံနေရစဉ်အတွင်း သူ၏အမှုတော်ဆက်လက်ဆောင်ရွက်ခြင်းကို လေ့လာရန် အနေအထားတွင် ရှိနေပြီဖြစ်သည်။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ပေါလုသည် အကျဉ်းကျနေချိန်အတွင်း ပျင်းရိခြင်းမရှိခဲ့ပါ။ ယင်းအစား၊ သူသည် ယေရှုခရစ်၏ ဧဝံဂေလိတရား၏အမှုတော်ဆောင်တစ်ဦးအဖြစ် တက်ကြွစွာ ဆက်လက်ထမ်းဆောင်ခဲ့သည်။

# အမှုတော် ဆက်လက်ဆောင်ရွက်ခြင်း

ပေါလုသည် တမန်တော်တစ်ဦးဖြစ်သည်။ ယေရှုသည် ပေါလုကို ကိုယ်တိုင်ကိုယ်ကျ ခေါ် ပြီး လေ့ကျင့်ပေးကာ၊ သူ၏ပဋိညာဉ်သံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းသည် ယနေ့ ကျွန်ုပ်တို့အတွက် အထူးအဆန်းဖြစ်သကဲ့သို့၊ ခန့်အပ်ထားသောတာဝန်များသည် ပေါလု၏အကျဉ်းချခံရချိန်တွင် ရပ်ဆိုင်းထားခြင်းမရှိပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ပေါလု၏ဘဝတွင် ဤအချိန် ဘုရားပေးထားသည့် အကျဉ်းထောင်သည် ဘုရားသခင်ရှိစေချင်သည့်နေရာဖြစ်သည်။ ရောမမြို့တွင် ပေါလု၏အကျဉ်းချခံရခြင်းကြောင့် ခရစ်တော်၏ဧဝံဂေလိတရား ဆက်လက်ပျံ့နှံ့မှုအတွက် အခွင့်အရေးရရှိစေရန် ဘုရားသခင်ကိုယ်တော်တိုင်သည် အဖြစ်အပျက်များကို စီစဉ်ကြိုးကိုင်ထားသည်။

တမန်တော်ပေါလု၏အကျဉ်းချခံရသည့်နှစ်များအတွင်း အမှုတော် ဆက်လက်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဓိကသတင်းရင်းမြစ်နှစ်ခု ကျွန်ုပ်တို့တွင်ရှိသည်။ တစ်ဖက်တွင်၊ တမန်တော်ဝတ္ထုသည် ထိုအချိန်က ပေါလု၏အမှုတော်နှင့်ပတ်သက်၍ များစွာဖော်ပြထားသည်။ အခြားတစ်ဖက်တွင်၊ ပေါလု၏ အသင်းတော်များသို့ပေးသောကျမ်းအမျိုးမျိုးသည် သူ၏အကျဉ်းထောင်အတွင်း ဆောင်ရွက်သော အမှုတော်ကိုသိမြင်နိုင်စေသည်။ ပေါလု၏အမှုတော်နှင့်ပတ်သက်၍ တမန်တော်ဝတ္ထုတွင် မည်သည့်အရာ ဖော်ပြသည်ကို ကြည့်ကြပါစို့။

# တမန်တော်ဝတ္ထု

ပေါလု၏အကျဉ်းချခြင်းအတွေ့အကြုံများသည် တမန်တော်ဝတ္ထုရေးသားသူ လုကာအတွက် အလွန်အရေးကြီးပါသည်။ သူသည် ဤကာလနှင့်ပတ်သက်သည့် ပေါလု၏အသက်တာအဖြစ်အပျက်များအတွက် အခန်းကိုးခန်းနီးပါး ရေးသားခဲ့သည်။ တမန်တော်ဝတ္ထု ၁၉:၂၁ တွင် ယေရုရှလင်မြို့နှင့် ရောမမြို့သို့သွားရန် ပေါလု၏ဆုံးဖြတ်ချက်မှ၊ လုကာ၏ကျမ်းအဆုံး တမန်တော်ဝတ္ထု ၂၈:၃၁ အထိဖြစ်ပြီး၊ ယေရုရှလင်တွင် ပေါလုဖမ်းဆီးခံရခြင်းအပေါ် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်မှုနှင့် နောက်ဆက်တွဲအကျဉ်းချခြင်းတို့ကို လုကာသည် အသေးစိတ်ဖော်ပြခဲ့သည်။

ဤအခန်းများသည် အသေးစိတ်အချက်များစွာနှင့် ပြည့်စုံသော်လည်း၊ အကြိမ်နေရာများစွာတွင် အနည်းဆုံး အဓိကအကြောင်းအရာ သုံးခုတွေ့ရသည်_ ပေါလုသည် သူ၏ရောက်လာမည့်ဆင်းရဲဒုက္ခအကြောင်းကို သတိပြုမိခြင်း၊ သူ၏လာခြင်းအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကို သိရှိနားလည်ခြင်း ဆင်းရဲဒုက္ခနှင့် သူ၏ဆင်းရဲဒုက္ခအားဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများ သွန်းလောင်းမည့်နည်းလမ်းကို သိရှိနားလည်ခြင်းဖြစ်သည် ။ ပထမဦးစွာ၊ ခရစ်တော်၏အမှုတော်ဆောင်ခြင်းသည် သူ၏အသက်တာထဲသို့ ပြင်းထန်သောအခက်အခဲနှင့် ဆင်းရဲဒုက္ခများ ယူဆောင်လာမည်ကို ပေါလုသိရှိခဲ့သည်။

## ဆင်းရဲဒုက္ခကို သိရှိခြင်း

တမန်တော်ဝတ္ထု ၁၉–၂၈ တွင်ပေါလုသည် သူကြုံတွေ့မည့်အခက်အခဲများအကြောင်း ကောင်းစွာသိရှိထားကြောင်း လုကာဖော်ပြသည်။ ပေါလုသည် သူအကျဉ်းကျခံရမည်ကိုသိပြီး၊ သေဒဏ်ပင်ခံရလိမ့်မည်ဟု သံသယရှိခဲ့သည်။ ဥပမာ၊ တမန်တော်ဝတ္ထု ၂၀:၂၂-၂၅ ပါ ဖေက်မြို့အကြီးအကဲများထံပြောသော သူ၏မိန့်ခွန်းမှ ဆိုးရွားသောစကားများကို နားထောင်ပါ_

> ယခုမှာငါသည် ဝိညာဉ်တော်အားဖြင့် ချည်နှောင်ခြင်းကိုခံ၍၊ ယေရုရှလင်မြို့သို့သွားရ၏။ ထိုမြို့၌ အဘယ်အမှုရောက်မည်ကိုမသိ။ သို့သော်လည်းချည်နှောင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကိုဆိုင်းလင့်သည်ဟု သန့်ရှင်းသော ဝိညာဉ်တော်သည် ခပ်သိမ်းသောမြို့တို့၌ ငါ့အား သက်သေခံတော်မူ၏။ ထိုညှဉ်းဆဲခြင်းအမှု တစုံတခုကိုမျှ ငါသည်ပမာဏမပြု…သင်တို့ရှိသမျှသည် နောက်တဖန်ငါ့ မျက်နှာကို မမြင်ရကြ (တမန်တော်ဝတ္ထု ၂၀း၂၂-၂၅)။

ထို့နောက် တမန်တော်ဝတ္ထု ၂၁:၁၃ တွင် ကဲသရိမြို့၌ယုံကြည်သူများကို မိန့်တော်မူသည်မှာ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သခင်ယေရှု၏နာမတော်ကြောင့် ယေရုရှလင်မြို့၌ ချည်နှောင်ခြင်းမက၊ အသေသတ်ခြင်းကိုပင်ခံခြင်းငှါ ငါအသင့်ရှိသည်ဟုဆို၏ (တမန်တော်ဝတ္ထု ၂၁:၁၃)။

ပေါလုသည် ခရစ်တော်နှင့် ကိုယ်တော်၏ဧဝံဂေလိတရားတို့ကို ထမ်းဆောင်ရာတွင် စောင့်ကြိုနေသောအခက်အခဲများကို ကောင်းစွာသိရှိခဲ့ပြီး အသေခံရန်ပင် ဆန္ဒရှိခဲ့သည်။

> ပေါလုသည် ဧဝံဂေလိတရားကို ဟောရန် ကတိကဝတ်ပြုထားသောကြောင့် ယေရုရှလင်မြို့သို့ရောက်ပြီးနောက်တွင် မည်သည့်အရာဖြစ်လာမည်ကို— အကျဉ်းချခံရမည်—သိသည့်တိုင် ဧဝံဂေလိတရားကို ဟောရန် သတ္တိရှိခဲ့သည်…ထို့နောက် သူသည်ရှေ့သို့သွားကာ ဧဝံဂေလိတရားကို ဆက်လက်ဟောပြောရန် ဝိညာဉ်တော်၏ချည်နှောင်ခြင်းကို ခံစားခဲ့ရသည်။ သူ့အသက်ကို ခြိမ်းခြောက်ခြင်း၊ ဆန့်ကျင်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ဘုရားသခင်ပေးအပ်ထားသည့်တာဝန်ကို ထမ်းဆောင်ခြင်းမှလမ်းလွှဲရန် သူခွင့်မပြုခဲ့ပါ။
>
> **— Rev. Robert Alexander, Jr.**

ဒုတိယ၊ ပေါလုသည် ဆင်းရဲဒုက္ခကို သူခံနိုင်ရည်ရှိမည်ကို သိရှိရုံသာမက၊ ဆင်းရဲဒုက္ခ၏ ရည်ရွယ်ချက်ကိုလည်း ကောင်းစွာသိရှိထားကြောင်း တမန်တော်ဝတ္ထုဖော်ပြသည်။

## ရည်ရွယ်ချက်ကို သိရှိခြင်း

ဘုရားသခင်သည် သူ့ကိုဒုက္ခခံရန် စီစဉ်ပါက၊ ဤဆင်းရဲဒုက္ခကိုအသုံးပြု၍ ဧဝံဂေလိတရားကို မြှင့်တင်ရန် သခင်သည်စီစဉ်ထားကြောင်း ပေါလုသိသည်။ ခရစ်ယာန်ဧဝံဂေလိတရားကို ဖြန့်ကျက်ရန် ဘုရားသခင်သည် သူ၏အခက်အခဲများကို အသုံးပြုမည်ဟု အကြွင်းမဲ့ယုံကြည်ခဲ့သည်။ သူလုပ်ရမည့် စွန့်လွှတ်အနစ်နာခံမှုသည် တန်ဖိုးရှိမည်ကိုသူသိသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ခရစ်တော်၌ ကယ်တင်ခြင်းဆိုင်ရာ သတင်းကောင်းကို ဘုရားသခင် ပေးသည့် နည်းလမ်းဖြစ်မည်ဖြစ်သည်။ တမန်တော်ဝတ္ထု၂၀:၂၄ တွင် ဧဖက်မြို့မှအကြီးအကဲများအား သူပြောခဲ့သောစကားကို တဖန်နားထောင်ပါ_

> သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှါ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသောဓမ္မဆရာအမှုတည်း ဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက် စွာ ပြီးစီးစေမည်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှု တစုံတခုကိုမျှ ငါသည်ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ၊ (တမန်တော်ဝတ္ထု၂၀:၂၄ )။

ပေါလုသည် အကျဉ်းထောင်ထဲ၌ သူ၏အမှုဆောင်ခြင်းတွင် ဧဝံဂေလိတရားကို သက်သေခံခြင်း ပါဝင်မည်ဖြစ်ပြီး၊ ၎င်းသည် ဤအခက်အခဲများကို ဖြတ်သန်းရန် တမန်တော်တစ်ဦးအဖြစ် သူ၏တာဝန် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အခိုင်အမာယုံကြည်ခဲ့သည်၊ ပေါလု၏တမန်တော်ဆိုင်ရာဓမ္မအမှုတော်ကို အဟန့်အတားဖြစ်စေမည့်အစား၊ အကျဉ်းချခြင်းသည် ပေါလု၏ဓမ္မအမှုတော်ကို ပြီးမြောက်စေသည့် နည်းလမ်းဖြစ်သည်။

အထူးသဖြင့်၊ တမန်တော်ဝတ္ထုတွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း၊ ဤသည်မှာ အတိအကျ ဖြစ်ပျက်ခဲ့သည်။ တမန်တော်ဝတ္ထု ၂၂:၁-၂၁ တွင်၊ ပေါလုသည် ယေရုရှလင်မြို့၌ဖမ်းဆီးခံရသောအခါ၊ သူ့အားသတ်ရန်ရှာကြံသောလူအုပ်အား သူ၏ခရစ်ယာန်သက်သေခံချက်ကိုတင်ပြခဲ့သည်ကို တွေ့ရ သည်။ တမန်တော်ဝတ္ထု ၂၃:၁-၁၀ တွင်ပေါလုသည် ယုဒလူမျိုးအုပ်စိုးသောဆန်ဟီဒရင်၏ရှေ့၌ ဧဝံဂေလိ တရားဖြစ်သော ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုသက်သေခံခဲ့ကြောင်း လုကာရှင်းပြသည်။ ထို့နောက် တမန်တော်ဝတ္ထု ၂၄:၁၄ -၂၆ တွင်၊ ပေါလုသည် ကဲသရိမြို့တရားရုံး၌ သူ့အားကြားနာစစ်ဆေး ချိန်တွင် လူသိရှင်ကြားနှင့် ဘုရင်ခံဖေလဇ်နှင့် ဇနီးဖြစ်သူယုဒလူမျိုးဒြုသိလေအား ဧဝံဂေလိတရားကို သီးသန့်ဟောပြောခဲ့သည်ကို သိရသည်။ ဖေလဇ်သည် ပေါလုနှင့် နှစ်နှစ်တာကာလအတွင်း စကားပုံမှန် ပြောဆိုခဲ့ကြောင်းလည်း ဖော်ပြသည်။

ယင်းနောက်၊ တမန်တော်ဝတ္ထု ၂၅:၁၈–၂၆:၂၉ တွင်၊ ပေါလုသည် ဘုရင်ခံသစ်ဖေတ္တုအပြင် ယုဒလူမျိုးရှင်ဘုရင်အဂြိပ္ပနှင့် ကြင်ယာတော်ဗေရနိတ်အား ဧဝံဂေလိတရားကို ဟောခဲ့ကြောင်း လုကာ ဆိုသည်။ တမန်တော်ဝတ္ထု ၂၈:၂၃-၃၁ တွင်ပေါလုသည် ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ ဧဝံဂေလိတရား ကို ပုံမှန်ဟောပြောပြီး၊ ယေရှုသည် ကြွလာရေလဘုရင်မေရှိယဖြစ်ကြောင်း ရောမမြို့သို့ လာရောက်သူ တိုင်းအား သွန်သင်သည်ကို လုကာရှင်းပြသည်။ တမန်တော်ဝတ္ထု ၂၃:၁၁ တွင်၊ ပေါလုအား မိန့်တော်မူ သော ခရစ်တော်၏စကားတော်သည် ဤဆင်းရဲဒုက္ခအားလုံး၏ ရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြ သည်_

> ပေါလုမစိုးရိမ်နှင့်။ ငါ၏အကြောင်းအရာကို သင်သည်ယေရုရှလင်မြို့၌ သက်သေခံပြီးသည်နည်းတူ၊ ရောမမြို့၌လည်းခံရလေဦးမည်ဟု မိန့်တော်မူ၏ (တမန်တော်ဝတ္ထု ၂၃:၁၁)။

ပေါလုသည် ယေရုရှလင်မြို့မှ ရောမမြို့သို့ ခရစ်တော်၏ သတင်းကောင်းကိုဖြန့်ဝေရန် ဆင်းရဲ ဒုက္ခခံခဲ့ရသည်။

> ဆင်းရဲဒုက္ခအပေါ် ပေါလု၏သဘောထားသည် အလွန်အံ့သြဖွယ်ကောင်းသည်။ ကျွန်ုပ်တို့အများစုသည် ဘဝတွင် ဆင်းရဲဒုက္ခများကို ရှောင်ရှားဖို့ရန် တတ်နိုင်သလောက် လုပ်ဆောင်ကြသည်။ ၎င်းသည် ပေါလုအတွက် အမှန်တကယ်မဟုတ်ပါ…သူသည် အခက်အခဲ၊ စုံစမ်းခြင်း၊ ဒုက္ခဆင်းရဲခြင်း၌ မွေ့လျော်သည်၊ အကြောင်းမှုကား၊ သူသည် အားနည်းသောအခါ၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရစ်တော်သည် အားကြီးတော်မူ၏ဟု ဆိုသည်။ ထို့ကြောင့်၊ ဤအရာအားလုံးတွင် ကျွန်ုပ်တို့အမှန်တကယ်မြင်ရသည်မှာ၊ ပေါလု၏ ပန်းတိုင်သည် မိမိကိုယ်မိမိချီးမြှောက်ရန် သို့မဟုတ် ဘဝတွင် နှစ်သိမ့်မှုရရှိရန်မဟုတ်ဘဲ၊ ခရစ်တော်ကိုချီးမြှောက်ရန်နှင့် ဘုရားသခင် ခေါ်တော်မူသည့်အတိုင်း လုပ်ဆောင်ရန်နှင့်၊ ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်ပြီး ဧဝံဂေလိတရားကို ဟောပြောခြင်းတွင်သစ္စာရှိရန် ဖြစ်သည်။.
>
> **Dr Jeff Brannon**

တတိယ၊ သူ၏ဆင်းရဲဒုက္ခနှင့် ၎င်း၏ရည်ရွယ်ချက်အကြောင်း ပေါလု၏သဘောပေါက်မှုအပြင်၊ ပေါလုသည် ဤအချိန်အတွင်း သူ၏အမှုတော်တွင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ကောင်းစွာ သိရှိထားကြောင်း တမန်တော်ဝတ္ထုသွန်သင်သည်။

## ကောင်းချီးမင်္ဂလာများကို သိရှိခြင်း

လုကာ၏မှတ်တမ်း တမန်တော်ဝတ္ထု ၁၉-၂၈ တွင် ပေါလု၏ဧဝံဂေလိတရားသက်သေခံချက်သည် ဘုရားသခင့်ဝိညာဉ်တော်၏ကြီးမားသောကောင်းချီးမင်္ဂလာများနှင့်အတူ ပျံ့နှံ့သွားကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ပေါလု၏အမှုတော်တွင် ဧဝံဂေလိတရားကိုဟောပြောရန်နှင့် ၎င်းကို လူတစ်ဦးချင်း၏ဘဝတွင် အသုံးချနိုင်စေရန် ကူညီပေးသည့်အရာများစွာပါဝင်ကြောင်း လုကာဖော်ပြသည်။ ဥပမာအားဖြင့်၊ သူသည် သင်္ဘောကျောက်တန်းကို တိုက်မိပျက်စီးခဲ့သောသင်္ဘောပေါ် ရှိ လူများ၏ အသက်ကိုကာကွယ်ရန် ရူပါရုံများကိုရရှိပြီး အနက်ပြန်ဆိုခဲ့သည်။ မေလိတေကျွန်းတွင် ဖျားနာသူများကို ကုသပေးသည်။ သူ့ကိုတွေ့ရန်ရောက်လာသည့် ယုံကြည်သူတစ်ဦးချင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

တမန်တော်ဝတ္ထုသည် ပေါလု၏အကျဉ်းချခံစဉ်အတွင်း အမှုတော် ဆက်လက်ဆောင်ရွက်ခြင်းအကြောင်း များစွာသွန်သင်ပေးသည်၊ ထို့ပြင် ကောလောသဲ၊ ဧဖက်နှင့်ဖိလိပ္ပိ စသည့်အသင်းတော်များ အားပေးသော သူ၏ဓမ္မသစ်ကျမ်းများနှင့် ဖိလေမုန်အမည်ရှိသော ကောလောသဲအမျိုးသားတစ်ဦးထံမှလည်း ကျွန်ုပ်တို့များစွာသင်ယူခဲ့ရသည်။

## အသင်းတော်များသို့ပေးသော ကျမ်းများ

အသင်းတော်များထံ ပေါလုပေးသောကျမ်းများမှ ကျွန်ုပ်တို့သင်ယူခဲ့ရမှုများကို အကျဉ်းချုပ်ဖော်ပြရန် နည်းလမ်းများစွာရှိသော်လည်း၊ အနည်းဆုံးကိစ္စရပ်လေးခုသည် ရှေ့ဆုံးသို့ရောက်လာသည်။ ပေါလုသည် ရုပ်ပိုင်းဆိုင်ရာအရ ချုပ်နှောင်ခြင်းခံရသော်လည်း၊ ဂုဏ်သရေရှိသူများနှင့် ၎င်း၏ဧည့်သည်များကို ဧဝံဂေလိတရားကိုဟောပြောခြင်း၊ ကမ္ဘာတစ်ဝှမ်းရှိအသင်းတော်များနှင့် ယုံကြည်သူများကိုယ်စား ဆုတောင်းပေးခြင်း၊ အသင်းတော်၏အကျိုးအတွက် အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရသော်လည်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာတစ်ဝှမ်းရှိအသင်းတော်များနှင့် လူပုဂ္ဂိုလ်အမျိုးမျိုးထံသို့ ကျမ်းများရေးခဲ့သည်။။ ပေါလုသည် ဤကာလအတွင်း ဧဝံဂေလိတရားကို ဦးစွာဟောခဲ့သည်။

## ဟောပြောခြင်း

ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ပေါလုသည် ဧဝံဂေလိတရားကို ဟောပြောဖို့အခွင့်အလမ်းသစ်များရရှိရန် အဓိကအားဖြင့် အကျဉ်းထောင်ထဲတွင်ကြံ့ကြံ့ခံနေခဲ့ပြီး၊ သူ၏အကျဉ်းထောင်ကျမ်းများသည် ဤအယူအဆကို အားဖြည့်ပေးသည်။ သံကြိုးနှင့် ချည်နှောင်ခြင်းကိုခံလျက်၊ သူ့ကိုယ်သူ ခရစ်တော်၏ သံတမန်အဖြစ် ပုံမှန်သတ်မှတ်ခြင်းတွင်သာမက၊ သူရေးသားခဲ့သော အသင်းတော်များအား သူတောင်းဆိုသော ဆုတောင်းချက်များတွင်လည်း ၎င်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဥပမာ၊ ဧဖက် ၆:၁၉-၂၀ တွင် သူ၏တောင်းဆိုချက်ကို နားထောင်ပါ_

> ငါသည် ဧဝံဂေလိတရားကြောင့် သံကြိုးနှင့် ချည်နှောင်ခြင်းကိုခံလျက်၊ သံတမန်အမှုကို ပြုရသည်ဖြစ်၍၊ ထိုတရား၏နက်နဲသောအရာကို ဘော်ပြခြင်းငှါ ငါသည်နှုတ်ကိုရဲရင့်စွာ ဖွင့်လှစ်ခြင်း အခွင့်ရှိမည်အကြောင်းကိုငှင်း၊ ထိုတရားကိုဟောပြောအပ်သည်နှင့်အညီ၊ ရဲရင့်စွာဟောပြောမည် အကြောင်းအကိုငှင်း၊ ငါ့အဘို့လည်း ဆုတောင်းကြလော့ (ဧဖက် ၆း၁၉-၂၀)။

အကျဉ်းထောင်ထဲတွင်ဖြစ်စေ၊ သူ၏အဓိကတာဝန်မှာ ခရစ်တော်နှင့် ဘုရားသခင့်နိုင်ငံတော် အကြောင်း သတင်းကောင်းကို ဟောပြောရန်ဖြစ်ကြောင်း ပေါလုသိသည်။ ထို့ကြောင့်၊ သူသည် သူ၏ တမန်တော်ဆိုင်ရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်ခွန်အားအတွက် သူ့အဖို့ဆုတောင်းပေးရန် ဖေက်မြို့သားများကို တောင်းဆိုခဲ့သည်။ အလားတူ၊ ကောလောသဲ ၄:၃-၄ တွင် သူဤသို့ရေးသားခဲ့သည်_

> ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍။ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ၊ ဘုရားသခင်သည် တရားဟောရာ တံခါးကို ငါတို့အား ဖွင့်တော်မူမည်အကြောင်းကိုငှင်း၊ ထိုနက်နဲသောအရာကို ဟောပြောအပ်သည်နှင့်အညီ ငါဘော်ပြမည်အကြောင်းကိုငှင်း၊ ငါတို့အဘို့လည်း ဆုတောင်းကြလော့ (ကောလောသဲ ၄း၃-၄)။

ပေါလုသည် ဧဝံဂေလိတရားကို ဟောပြောခွင့်ရရှိရန် ဆုတောင်းခြင်းကို လိုချင်ခဲ့သည်၊ သို့မှသာ သူ့ရှေ့ကအခွင့်အရေးများကို ကောင်းစွာအသုံးချနိုင်မည်ဖြစ်သည်။

ဒုတိယ၊ ပေါလု၏ကျမ်းများအရ၊ သူ၏အကျဉ်းထောင်ဓမ္မအမှုတော်သည် မယုံကြည်သူများကို ဧဝံဂေလိတရားဟောပြောခြင်းထက် ကျော်လွန်ခဲ့သည်။ ၎င်းတွင် ကမ္ဘာတစ်ဝှမ်းရှိ အသင်းတော်များနှင့် ယုံကြည်သူများအတွက် အဆက်မပြတ်ဆုတောင်းခြင်းလည်း ပါဝင်သည်။

## ဆုတောင်းခြင်း

လက်တွေ့ကျကျပြောရလျှင်၊ ပေါလု၏အကျဉ်းချခံရခြင်းသည် ဆုတောင်းခြင်းတွင် ကုန်ဆုံးနိုင်သည့်အချိန်ကို အမှန်တကယ်တိုးစေသည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။ သူ၏သာသနာပြုခရီးစဉ်များအတွင်း၊ ယေဘူယျအားဖြင့် သူသည် ခရီးသွားခြင်း သို့မဟုတ် မိမိကိုယ်ကိုထောက်ပံ့ရန်အတွက် အလုပ်လုပ်ကာနေပါသည်။ သို့သော် အကျဉ်းထောင်ထဲတွင် လုပ်စရာအလုပ်မရှိ၊ ခရီးသွားရန်နေရာမရှိ၊ အာရုံပျံ့လွင့်ခြင်းအနည်းငယ်သာ ရှိသည်။ ယင်းက သူ့ကို ဆုတောင်းရန်အချိန်များစွာ ရစေခဲ့သည်။ သူ့ကျမ်းများ၏သက်သေခံချက်အရ၊ ပေါလုသည်မိမိကိုယ်မိမိ တာဝန်ဝတ္တရားနှင့် ဂုဏ်ရှိသည်ဟု မှတ်ယူပြီး ထိုအချိန်အများစုကို အခြားသူများအတွက် ဆုတောင်းပေးခဲ့ပုံရသည်။ ဖေက် ၁:၁၆-၁၈ တွင် ဖေက်မြို့မှယုံကြည်သူများအတွက် သူ၏ဆုတောင်းချက်များနှင့်ပတ်သက်၍ ပေါလု၏သက်သေခံချက်ကို နားထောင်ပါ_

> သင်တို့ကိုအကြောင်းပြု၍ ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်းလျက်၊ သင်တို့အဘို့အလို့ငှါ ဆုတောင်းပဌနာပြုလျက်နေ၏။ ဆုတောင်းသောအချက်ဟူမူကား၊...ပညာကိုငှင်း၊ ထိုးထွင်းသောဉာဏ်ကိုငှင်း၊ သင်တို့အားပေးပါမည်အကြောင်း၊...သင်တို့၏ ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း (ဖေက် ၁း၁၆-၁၉)။

ပေါလုသည် ဖေက်မြို့သားများအတွက် တစိုက်မတ်မတ်ပုံမှန် ဆုတောင်းခဲ့သည်။ ဆုတောင်းခြင်းသည် တန်ခိုးကြီးသည်ဟု သူယုံကြည်ပြီး ဖေက်မြို့သားများကို ကောင်းချီးပေးခြင်းဖြင့် ဘုရားသခင်သည် သူ၏ဆုတောင်းချက်များကို ဂုဏ်ပြုလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ပေါလု၏ဆုတောင်းခြင်း၌ကြိုးစားအားထုတ်မှုသည် အဝေးတွင်ရှိနေသူများအတွက် အားမာန်ပြည့်ပြီး အဖိုးတန်ဓမ္မအမှုတော်တစ်ခုဖြစ်သည်။

> ပေါလုသည် ဖေက်မြို့သားများထံ ရေးပေးခဲ့သည့်အတိုင်း၊ သူတို့အတွက် သူ၏ဆုတောင်းခြင်းအကြောင်း မကြာခဏပြောလေ့ရှိသောကြောင့် စိတ်ဝင်စားစရာကောင်းသည်။ ပေါလုသည် ကိုယ်တော်၏အသင်းတော်ထံ ခရစ်တော်ပေးခဲ့သော ဧဝံဂေလိဆရာကြီးအဖြစ် ကျွန်ုပ်တို့ထင်မြင်ယူဆပါသည်။ သို့သော် ထိုထက်မကပင် ပေါလုကို သင်းအုပ်ဆရာတစ်ဦးအဖြစ် ကျွန်ုပ်တို့ယူမှတ်ကြပေမည်။ သူ့ထံတွင် သင်းအုပ်ဆရာ၏ နှလုံးသားရှိသည်။ သင်းအုပ်ဆရာ၏နှလုံးသားသည် မိမိ၏လူမျိုးအပေါ် ကြီးမားသည့်ချစ်ခြင်းမေတ္တာများပါရှိသည်။ ဖေက်မြို့၌ရှိသောအသင်းတော်ကို သူချစ်သည်။ သူသည် ထိုနေရာတွင် နှစ်နှစ်ကြာနေခဲ့သည်။ ဤလူများကို သူသိသည်။ ဤလူများကို သူချစ်သည်။ ခရစ်တော်၏အလိုတော်အတိုင်း အသင်းတော်သည် ရင့်ကျက်လာသည်နှင့်အမျှ ၎င်းတို့အတွက် သူ၏ဆန္ဒမှာ အဓိပ္ပာယ်ပြည့်ဝသောနည်းလမ်းဖြင့် ခရစ်တော်၌ကြီးထွားလာစေရန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘင်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**Dr Jay Haley**

အလားတူပင် ဖိလိပ္ပိ ၁:၃-၉ တွင်၊ ဖိလိပ္ပိအသင်းတော်အတွက် ပုံမှန်ဆုတောင်းခဲ့ကြောင်း သူရှင်းပြသည်_

ငါသည်ဆုတောင်းပဌနာပြုသောအခါခါ၊ ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိသမျှအဘို့ကို အစဉ်ဆုတောင်းပဌနာပြုလျက်၊ သင်တို့ကို အောက်မေ့သောအခါခါ...ငါသည်အဘယ်သို့ ဆုတောင်းသနည်းဟူမူကား၊ သင်တို့သည် ခြားနားသောအရာတို့ကို ပိုင်းခြားစေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုးရှိလျက်၊ (ဖိလိပ္ပိ ၁:၃-၉)။

ကောလောသဲ ၁:၉ တွင်၊ ကောလောသဲမြို့ရှိ အသင်းတော်အပေါ် သူ၏ဆက်ကပ်ခြင်းကို ကျွန်ုပ်တို့ ဖတ်ရသည်_

ထို့ကြောင့်၊ ငါတို့သည် ကြားရသည်နေ့မှစ၍၊ သင်တို့အဘို့ အလိုငှါ အစဉ်မပြတ်ဆုတောင်း ပဌနာပြုလျက် နေကြ၏ (ကောလောသဲ ၁:၉)။

အချို့ပုဂ္ဂိုလ်များအတွက်လည်း သီးသန့်ဆုတောင်းခဲ့သည်။ ဥပမာ ဖိလေမုန် ၆ တွင်၊ သူသည် ကောလောသဲယုံကြည်သူများဖြစ်သည့် ဖိလေမုန်၊ အပ္ပိနှင့် အာခိပ္ပုထံသို့ ဤစာကိုရေးခဲ့သည်_

ဆုတောင်းသောအချက်ဟူမူကား၊ သင်သည် ယုံကြည်ခြင်းကို ဆက်ဆံသောအရှိန်ကြီး၍၊ သူတပါးတို့သည် ယေရှုခရစ်အဘို့အလိုငှါ ငါတို့၌ ကောင်းသောအရာရှိသမျှတို့ကို ဝန်ခံမည်အကြောင်း ဆုတောင်း ပဌနာပြု၏ (ဖိလေမုန် ၆)။

ဤကျမ်းပိုဒ်များအားလုံးတွင်၊ ပေါလုသည် ယုံကြည်သူချင်းများအတွက် ဆုတောင်းရန်နှင့် သူတို့၏ကိုယ်စား ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများစွာရရှိရန် မိမိကိုယ်ကို ကတိသစ္စာပြုခဲ့ကြောင်း တွေ့မြင်ရသည်။

တတိယ၊ ဟောပြောခြင်းနှင့် ဆုတောင်းခြင်းအပြင်၊ အသင်းတော်များသို့ပေးသော ပေါလု၏ ကျမ်းများတွင် သူ၏အကျဉ်းထောင်တွင်းဓမ္မအမှုတော်တွင် အခြားသူများကိုယ်စား ဆင်းရဲဒုက္ခခံစားခြင်း ပါဝင်ကြောင်း ဖော်ပြသည်။

## ဆင်းရဲဒုက္ခ

ယခုမှာ၊ ဆင်းရဲဒုက္ခကိုယ်တိုင်သည် ဓမ္မအမှုတော်မဟုတ်၊ အခက်အခဲတစ်ခုဖြစ်ပါသည်။ သို့သော် ဆင်းရဲဒုက္ခ၏ပန်းတိုင်နှင့် ရလဒ်သည်၊ ဧဝံဂေလိတရားအားမြှင့်တင်ပေးခြင်းအားဖြင့် ဘုရား



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်၏နိုင်ငံတော် တိုးတက်မှုဖြစ်စေသောအခါ၊ ဆင်းရဲဒုက္ခသည် ခရစ်ယာန်ဓမ္မအမှုတော်၏ ပုံစံတစ်မျိုးဖြစ်သည်။

ခရစ်ယာန်များသည် အစဉ်ခံစားခဲ့ရပြီး၊ သခင်ယေရှုပြန်လည်ကြွလာချိန်အထိ ခံစားနေမည်ဖြစ်သည်။ ၎င်းကို သမ္မာကျမ်းစာသည် အာမခံထားသည်။ ယခု၊ ယင်းသည် ခရစ်ယာန်အားလုံးတူညီစွာ သို့မဟုတ် ပေါလု၏အတိုင်းအတာအထိ ခံစားနေရသည်ဟု မဆိုလိုပါ။ သို့သော် ယေရှုသည်သူ၏ လုပ်ငန်း မပြီးဆုံးမီတိုင်၊ သူ၏နိုင်ငံတော်သည် မြေကြီးပေါ် ပြည့်စုံချိန်အထိ၊ သူ၏ရန်သူများသည် ကိုယ်တော်ကို ဆက်လက်တိုက်ခိုက်ကြလိမ့်မည်ကို ဘုရားသခင်ခွဲခန့်ထားပါသည်။ ၎င်းက ယေရှု၏လူများသည် ဆက်၍ဒုက္ခခံရလိမ့်မည်ဟု ဆိုလိုသည်။ သို့သော် ပေါလု၏အသက်တာသည် တစ်စုံတစ်ရာကို သက်သေထူသည်_ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် အချည်းနှီးမဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် အသင်းတော်ကို ကောင်းချီးမင်္ဂလာဖြစ်စေသည်။ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် ဧဝံဂေလိတရားကို သက်သေခံပါသည်။ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် အသင်းတော်အမွေခံရမည့် ဘုန်းအသရေကိုတိုးပွားစေသည်။

ဧဝံဂေလိတရားကြောင့် ဆင်းရဲဒုက္ခခံရခြင်းသည် အစွမ်းထက်ပြီးရည်ရွယ်ချက်ရှိသည့် အမှုတော်လုပ်ငန်းဖြစ်သည်။ ရှေးဦးစွာ၊ ၎င်းသည် ဧဝံဂေလိသမ္မာတရားအတွက် ငြင်းမရနိုင်သောသက်သေခံချက်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းတို့၏ယုံကြည်ခြင်းကြောင့် အသေခံသွားကြသော ခရစ်ယာန်များကို "မာတုရများ" သို့မဟုတ် "သက်သေခံများ" အဖြစ်မကြာခဏ ရည်ညွှန်းပါသည်။ ပေါလု၏ဆင်းရဲဒုက္ခသည် ဧဝံဂေလိတရားဟောပြောရန် သူ့အားအခွင့်အလမ်းများပေးသည့် နည်းလမ်းများစွာကို ကျွန်ုပ်တို့မြင်ပြီးဖြစ်သည်။ သို့သော် ၎င်းသည် အခြားသူများလည်း ဧဝံဂေလိတရားကိုဟောပြောရန် တိုက်တွန်းအားပေးသည်။ ဤအကျိုးသက်ရောက်မှုအတွက် ဖိလိပ္ပိ ၁:၁၄ တွင်တွေ့ရသော ပေါလု၏စကားများကို နားထောင်ပါ_

> သခင်ဘုရား၌ ညီအစ်ကိုအများတို့သည် ငါခံရသော ချည်နှောင်ခြင်းကြောင့် ယုံမှားသောစိတ်နှင့် ကင်းလွတ်၍ ကြောက်ရွံ့ခြင်းမရှိဘဲ၊ နှုတ်ကပတ်တရားတော်ကိုသာ၍ ဟောပြောဝံ့ကြ၏ (ဖိလိပ္ပိ ၁:၁၄)။

> ပေါလု၏အကျဉ်းချခြင်းသည် ဖိလိပ္ပိမြို့၌ ပထမဆုံးအကျဉ်းချခံရခြင်းဖြစ်သောကြောင့် ဧဝံဂေလိတရားဝေမျှရန် ဖိလိပ္ပိယုံကြည်သူများအား ရဲရင့်စေသည်။ သူသည် အကျဉ်းထောင်၌ရှိစဉ်၊ ၎င်းသည် သူတို့ဆုတောင်းပြီး သီချင်းဆိုကြသည့် အခိုက်အတန့်ဖြစ်သည်။ ၎င်းကို ခဏမျှစိတ်ကူးကြည့်ဖို့ လိုပါသည်။ အကျဉ်းထောင်သည် မှောင်မိုက်သောနေရာဖြစ်သည်— အကျဉ်းထောင်သည် အလွန်မှောင်သည်၊ အလင်းရောင်မရှိ—သို့သော် သူတို့သည်ဘုရားသခင်ကို သီဆို၍ချီးမွမ်းကြပြီး၊ ထိုနေရာရှိသည့်လူများသည် စတင်ကာနားထောင်ကြသည်။ ထောင်မှူးသည် ကယ်တင်ခြင်းသို့ ရောက်ခဲ့သည်၊ အကြောင်းမှာ ဘုရားသခင်၏အံ့ဖွယ်သောအမှုကို လုပ်ဆောင်ပြီးနောက်၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ၎င်းတို့သည် ထွက်မပြေးဘဲ ထိုနေရာတွင် ရှိနေခဲ့ကြသောကြောင့် ဖြစ်သည်။ အကျဉ်းကျနေသူများနှင့် အနီးနားရှိလူများအားလုံး ကယ်တင်ခြင်းသို့ ရောက်ခဲ့သည်၊ ယခုတွင် ဖိလိပ္ပိမြို့သားများအတွက်၊ ပေါလုသည် အကျဉ်းထောင်တွင်ရှိစဉ် ဧဝံဂေလိတရားကို မဟောဘဲမနေခဲ့ကြောင်းနှင့် အကျဉ်းထောင်မှထွက်လာသောအခါအကျဉ်းထောင်သည် လူတစ်ဦးကို ဧဝံဂေလိတရားမျှဝေခြင်းကို မဟန့်တားနိုင်သောကြောင့် ဖိလိပ္ပိသားတို့အတွက် အားတက်စရာဖြစ်လာပါသည်။ ၎င်းသည် ရဲရင့်ခြင်းဖြစ်သည်။ သက်သေဖြစ်ခဲ့သည်...ဆင်းရဲဒုက္ခခံလိုသူ၊ ဖမ်းဆီးခံလိုစိတ်ရှိပြီး ဧဝံဂေလိတရားကို ဆက်၍ သစ္စာစောင့်သိနေသူသည် မည်သူမဆို အတုယူပြီး အကြံပေးပုဂ္ဂိုလ်အဖြစ် ရှုမြင်ခံရသူတစ်ဦးဖြစ်သည်။ သူတို့၏အကျဉ်းချခံရခြင်းသည် ဧဝံဂေလိတရားအတွက် အဟန့်အတားမရှိဘဲ၊ အမှန်ပင်အားပေးခြင်းခံရကြသည်။
>
> **— Pastor Johnson Oni**

ဒုတိယအနေနှင့်၊ ဆင်းရဲဒုက္ခသည် တစ်ပါးသူအတွက် အကျိုးရှိစေသည့်အတွက် ဓမ္မအမှုတော်အဖြစ်မှန်ကန်စွာ ယူမှတ်နိုင်ပါသည်။ နောက်ဆုံးမှာ၊ ယေရှုခရစ်သည် အပြစ်သားများကိုယ်စား ဆင်းရဲဒုက္ခခံပြီး ကျွန်ုပ်တို့ကို ကယ်တင်ရန်အသေခံခဲ့သည်။ ထို့အပြင် အခြားသူများ၏အကျိုးအတွက် အထူးသဖြင့်ဆင်းရဲဒုက္ခခံခြင်းဖြင့်၊ ခရစ်တော်၏စံနမူနာကို လိုက်နာရန် သမ္မာကျမ်းစာသည်ကျွန်ုပ်တို့အား သွန်သင်ထားသည်။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် အခြားသူများ၏အကျိုးအတွက် အခက်အခဲနှင့် အသေခံခြင်းကိုပင် လိုလိုလားလားရှိသင့်သည်။ ဤအကြောင်းကြောင့် အခြားသူများခံနေကြရသော ဆင်းရဲဒုက္ခများအတွက် ကျွန်ုပ်တို့ ကျေးဇူးတင်သင့်ပါသည်။ ၁ ယောဟန် ၃:၁၆ တွင် တမန်တော်ယောဟန်ရေးခဲ့သကဲ့သို့–

> ခရစ်တော်သည် ငါတို့အဘို့အလိုငှါ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဘို့အလိုငှါ အသက်ကိုစွန့်ရကြ၏ (၁ ယော ၃:၁၆)။

ပေါလုသည် ဤအရာကို ယုံကြည်ခဲ့သည်။ ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း၊ ထိုသို့ပြုလျှင် ဧဝံဂေလိတရားကို မြှင့်တင်နိုင်မည်ဆိုပါက သူသည်အကျဉ်းထောင်ထဲသွားရန်ဆန္ဒရှိပြီး၊ အသေခံလိုစိတ်ပင် ရှိခဲ့သည်။ ဧဖက် ၃:၁၃ တွင် အခြားသူတို့အတွက် သူ၏ဆင်းရဲဒုက္ခခံလိုစိတ်အကြောင်း ကျွန်ုပ်တို့ဖတ်ရပါသည်–

> ထိုကြောင့် သင်တို့၏အသရေကို ပြုစု၍ သင်တို့အတွက်ကြောင့် ငါခံရသော ဆင်းရဲခြင်းကိုမြင်လျှင်၊ ရွေ့လျော့သော စိတ်မရှိကြပါစေနှင့် (ဧဖက် ၃:၁၃)။

ဤနေရာ၌ ပေါလု၏အချက်မှာ သူ၏အကျဉ်းချခံရခြင်းသည် နေရာသစ်များနှင့် လူသစ်များထံ ဧဝံဂေလိသတင်းကောင်းကို မြှင့်တင်နိုင်ခဲ့ခြင်းကြောင့် ခရစ်တော်ကိုယုံကြည်သူ ပိုများလာစေသည်။ ဧဝံဂေလိတရားပြန့်ပွားပြီး အသင်းတော်ကြီးထွားလာသောအခါ၊ ၎င်းသည် ယုံကြည်သူအားလုံး အမွေခံရမည့် ဘုန်းအသရေကို တိုးပွားစေသည်။

တတိယအချက်မှာ၊ ပေါလု၏ကျမ်းများတွင် သူ၏ဆင်းရဲဒုက္ခသည် ခရစ်တော်ကိုယ်တိုင်၏ ဆင်းရဲဒုက္ခကို ဆက်၍ခံစားရခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ကောလောသဲ ၁:၂၄ တွင် ပေါလုသည် သူ၏ဆင်းရဲဒုက္ခနှင့်ပတ်သက်ပြီး အခိုင်အမာပြောဆိုခဲ့သည်_

> ငါပေါလုသည် ထိုတရားကို ဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍၊ ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလိုငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏ (ကောလောသဲ ၁:၂၄)။

ကောလောသဲ ၁ တွင်ရှင်ပေါလုက ခရစ်တော်၏အကြွင်းမဲ့ လုံလောက်မှုကို လေးနက်စွာ အခိုင်အမာဆိုခဲ့သည်။ ထို့ကြောင့်၊ ခရစ်တော်၏ဆင်းရဲဒုက္ခ"အကြွင်းအကျန်"ဟုပေါလုပြောသောအခါ၊ ခရစ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့ကိုကယ်တင်ရန် မလုံလောက် သို့မဟုတ် ယုံကြည်သူများသည် ခရစ်တော်၏အသေခံခြင်း၌ ၎င်းတို့၏ကိုယ်ပိုင်ကုသိုလ်ကို ထပ်မံဖြည့်ရန်လိုသည်ဟု မဆိုလိုပါ။ ယင်းအစား၊ ယေရှု၏အမှုတော်သည် မပြီးသေးဟု ပေါလုဆိုလိုခြင်းဖြစ်သည်။

> တမန်တော်ပေါလုသည် ခရစ်တော်၏ဆင်းရဲဒုက္ခအကြွင်းအကျန်ကို ဖြည့်ဆည်းပေးသည့်အကြောင်း ပြောဆိုသည်၊ ဆိုလိုသည်မှာ တပည့်တော်ဖြစ်ခြင်းတန်ဖိုးကို နှိမ့်ချမှု၊ ရှင်လန်းမှုနှင့် ထမ်းဆောင်ရမည်ဟု ဆိုလိုသည်။ ကနဦးအသင်းတော်အကြောင်း မကြာခဏပြောဆိုရသော်၊ သူတို့သက်သေခံများ၏စွမ်းအားမှာ သူတို့သည် အလွန်ကောင်းမွန်စွာ သေဆုံးသွားကြပြီး၊ သူတို့၏အဆုံးစွန်သောသစ္စာစောင့်သိမှုကို ပြသသည့်နည်းဖြင့် ဆင်းရဲဒုက္ခကို ခံခဲ့ကြသည်မှာ ဤလောကအတွက်မဟုတ်ဘဲ ဘုရားသခင်အတွက်သာဖြစ်သောကြောင့်၊ သူတို့သည် လောက၏ ကောင်းသောသူများ ဖြစ်ကြသည်...ထို့ကြောင့်၊ ဖိလိပ္ပိ ၂ တွင် ပေါလုပြောသည့် အတိုင်း ယေရှုခရစ်၌ရှိသော ဤစိတ်သဘောထားသည် ကျွန်ုပ်တို့၌ရှိသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဆင်းရဲခြင်းကိုဝေမျှခံစားရလျှင်၊ သူ၏ထမြောက်ခြင်းနှင့် ဘုန်းအသရေတော်ကိုလည်း ဝေမျှခံစားမည်ဖြစ်သည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ယေရှုအသေခံပြီးနောက် ကောင်းကင်သို့တက်ကြွသောအခါ၊ သူသည် ဆိုးညစ်မှုများကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ပြီး သူ၏နတ်ဆိုးရန်သူများကို စစ်ပွဲတွင် ထိရောက်စွာအနိုင်ယူခဲ့သည်။ သို့သော် စာတန်၏တပ်များသည် ခရစ်တော်နှင့် သူ၏နိုင်ငံတော်ကို ဆက်လက်တိုက်ခိုက်နေကြကြောင်း ပေါလုသိသည်။ ယေရှုသည် ဘုန်းကြီးသောကာလတိုင်အောင် သူ၏ရန်သူများကို လုံးဝချေမှုန်းပစ်မည်မဟုတ်ပေ၊ အသင်းတော်သည် ကမ္ဘာတစ်ဝှမ်းရှိ ဘုရားသခင်၏နိုင်ငံတော်ကို ဖြန့်ကျက်ထားသောကြောင့် ဆင်းရဲဒုက္ခကို ခံနေကြရဆဲဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို အလွန်ချစ်သောကြောင့်၊ သူသည်ယုံကြည်သူအားလုံးနှင့် စည်းလုံးညီညွတ်သောကြောင့်၊ ကျွန်ုပ်တို့ ဆင်းရဲဒုက္ခခံရသောအခါတွင် ကိုယ်တော်သည်လည်း ခံစားရပါသည်။ အမှန်တကယ်အားဖြင့်၊ အသင်းတော်၏ဆင်းရဲဒုက္ခသည် ခရစ်တော်၏ဆင်းရဲဒုက္ခဖြစ်သည်။

ဤသည်မှာ ပေါလုသည် ဒမာသက်မြို့သို့သွားသောလမ်းပေါ်ပြောင်းလဲခြင်းကာလအတွင်း ယေရှုကိုယ်တိုင်ပြုလုပ်ခဲ့သောအချက်ဖြစ်သည်။ ရှောလုဟု လူသိများသော ပေါလုသည် ခရစ်ယာန်များကို တက်ကြွစွာ နှိပ်စက်ညှဉ်းပန်းနှိပ်စက်ပြီး အကျဉ်းထောင်ထဲသို့ထည့်ကာ သူတို့၏သေဆုံးမှုများကို လိုချင်ခဲ့သည်။ သို့သော် ခရစ်ယာန်များကိုဖမ်းဆီးရန် ဒမာသက်မြို့သို့ သွားစဉ်တွင်၊ ယေရှုသည်သူ့ကို လမ်းတွင်တွေ့ဆုံကာ မြေပြင်ပေါ်သို့ လှဲကျစေပြီး သမ္မာတရားကို ထုတ်ဖော်ပြသခဲ့သည်။ ယေရှုနှင့် ပေါလုကြားစကားပြောဆိုမှု၏ တစ်စိတ်တစ်ပိုင်းကို တမန်တော်ဝတ္ထု ၉:၅တွင် မှတ်တမ်းတင်ထားသည်။

> သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု မေးလျှောက်၏။
> သခင်ဘုရားကလည်း၊ ငါကား သင် ညှဉ်းဆဲသောယေရှုဖြစ်သတည်း
> (တမန်တော်ဝတ္ထု ၉:၅)။

ယုံကြည်သူများကို ညှဉ်းပန်းနှိပ်စက်ခြင်းသည် မိမိအား ညှဉ်းဆဲခြင်းပင်ဖြစ်သည်ဟု ယေရှုသည် ပေါလုအား ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ထို့ကြောင့်၊ ယုံကြည်သူတစ်ဦးသည် ဆင်းရဲဒုက္ခခံရသောအခါ၊ ယေရှုသည်လည်း ခံရ၏။ ခရစ်တော်သည် မြင့်သောအရပ်၌ ချီးမြှောက်ခြင်းခံရသော်လည်း၊ သူ၏ကိုယ်ခန္ဓာ၊ အသင်းတော်၏ ဆင်းရဲဒုက္ခအားဖြင့် ပြန်လာမတိုင်မီတိုင်အောင် ဆင်းရဲဒုက္ခခံရမည်ဖြစ်သည်။ သို့ရာတွင် သူ၏ဆင်းရဲဒုက္ခပြီးဆုံးသောအခါ၊ နောက်ဆုံးတွင် သူ၏ရန်သူအားလုံးကို အပြီးတိုင်အနိုင်ယူပြီး သူ၏အသင်းတော်ကို ဘုန်းထင်ရှားစေမည်ဖြစ်သည်။ ပေါလုသည် ခွဲခန့်ခံရသော ဆင်းရဲဒုက္ခများကို ဖြည့်ဆည်းခြင်းတွင် ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်ရန် အခွင့်ထူးရရှိခဲ့သည်။

ပေါလုသည် တမန်တော်အဖြစ် ဟောပြောခြင်း၊ ဆုတောင်းခြင်းနှင့်ဆင်းရဲခြင်းတို့ကို ထမ်းဆောင်ခဲ့ကြောင်း ဖော်ပြသည့်အပြင်၊ ပေါလု၏ကျမ်းများတွင် သူသည်အကျဉ်းကျနေစဉ်အတွင်း တက်ကြွသည့် စာရေးခြင်းအမှုတော်တွင် ပါဝင်ခဲ့ကြောင်း သက်သေပြသည်။

## စာရေးခြင်း

ပေါလု၏အကျဉ်းချခံရသည့်နှစ်များအတွင်း စာရေးခြင်းအမှုတော်ကို ကောလောသဲ၊ ဧဖက်နှင့် ဖိလိပ္ပိမြို့များရှိ အသင်းတော်များနှင့် ကောလောသဲမြို့သားဖိလေမုန်ထံရေးသော သူ၏ဓမ္မသစ်ကျမ်းများ

ဖြင့် သရုပ်ပြခဲ့သည်။ ဤကျမ်းများမှတစ်ဆင့်၊ ပေါလုသည် အသင်းတော်များနှင့် လူတစ်ဦးချင်းစီ အတွက် သက်ဆိုင်ရာသင်းအုပ်ဆိုင်ရာဓမ္မအမှုတော်အား ပံ့ပိုးပေးနိုင်ခဲ့သည်။ ဓမ္မသစ်ကျမ်းတွင် ဤကျမ်း များကို ကျွန်ုပ်တို့အတွက် ထိန်းသိမ်းထားသောကြောင့်၊ ပေါလု၏ဓမ္မအမှုတော်သည် လွန်ခဲ့သောနှစ် ပေါင်းနှစ်ထောင်အတွင်း ကမ္ဘာတစ်ဝှမ်းတွင် များပြားလာခဲ့သည်။

ပေါလု၏ကျမ်းများသည် သူနှင့်ဆက်နွယ်မှုဆက်လက်ရှိနေသည့် အသင်းတော်များနှင့် လူတစ်ဦး ချင်းစီအား ကြွယ်ဝသောဓမ္မအမှုတော်ကို ဖော်ပြသည်။ သူသည် သူတို့၏အခြေအနေများနှင့် သူတို့၏ အကြောင်းများကို ပုဂ္ဂိုလ်ရေးအရ များစွာသိသည်။ ရလဒ်အနေနှင့်၊ ပေါလုသည် သူ၏ပရိသတ်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ဓမ္မပညာဆိုင်ရာကိစ္စရပ်များစွာကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။ အချို့သော ပုဂ္ဂိုလ်များကို အမည်ဖြင့်ပင် ညွှန်ကြားခဲ့သည်။ ပေါလုသည် ခရီးမသွားနိုင်သော်လည်း၊ သူ၏ဓမ္မအမှုတော်သည် သူရေးသားခဲ့သော အသင်းတော်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ သီးခြားအခြေ အနေများနှင့် အသေအချာအံဝင်ခွင်ကျဖြစ်ခဲ့သည်။

ဥပမာ၊ ဖိလိပ္ပိလူတို့ထံပေးသောကျမ်းတွင် ပေါလုသည် အမျိုးသမီးနှစ်ဦးဖြစ်သည့် ဧဝေါဒိနှင့် သုန္တုတ်တို့ကို အချင်းချင်းပြန်လည်သင့်မြတ်ရန် တိုက်တွန်းခြင်းဖြင့် သင်းအုပ်ဆိုင်ရာဓမ္မအမှုတော်တွင် ပါဝင်ခဲ့သည်ကို သုံးသပ်ကြည့်ပါ။ ထိုအမျိုးသမီးတို့သည် သူနှင့်အတူအလုပ်လုပ်သော အမျိုးသမီးများ ဖြစ်၍ ပေါလုသိသည်။ သို့သော် အချင်းချင်း သဘောထားကွဲလွဲနေကြသူများဖြစ်သည်။ သူတို့အတွက် ပေါလု၏သဘောထားသည် ပုဂ္ဂိုလ်ရေးအရ ချစ်မြတ်နိုးပြီး၊ သူတို့၏ပြဿနာအတွက် သူ၏ဖြေရှင်းချက် သည် အလွန်နူးညံ့ပါသည်။ ဖိလိပ္ပိ ၄:၂-၃ တွင် ဤအမျိုးသမီးများနှင့်ပတ်သက်သော သူ၏စကားများကို ကျွန်ုပ်တို့ဖတ်ရသည်_

> ဧဝေါဒိနှင့်သုန္တုတ်တို့သည် သခင်ဘုရား၌ သဘော တညီတညွတ်တည်း
> ဖြစ်ရကြမည်အကြောင်း... အခြားသောငါ၏လုပ်ဘော်ဆောင်ဘက်တို့နှင့်အတူ၊
> ဧဝံဂေလိတရားကို ဟောပြောသောအမှု၌ကူညီ၍ ကြိုးစားအားထုတ်သော
> မိန်းမတို့ကို မစထောက်ပံ့ပါလော့ (ဖိလိပ္ပိ ၄:၂-၃)။

ထိုနည်းတူပင်၊ ပေါလုသည် ဖိလေမုန်ဩဝါဒစာရှိ ယုံကြည်သူများကြား ပြန်လည်သင့်မြတ်ရေး အတွက်လည်း တောင်းပန်ခဲ့သည်။ ထွက်ပြေးသွားသော ဩနေသိမ်အမည်ရှိ ကျွန်တစ်ဦးကိုယ်စား ကောလောသဲမြို့ရှိ သခင်ဖိလေမုန်အား တောင်းပန်ခဲ့သည်။ အထူးသဖြင့်၊ ဖိလေမုန်ဩဝါဒစာတစ်ခုလုံး သည် ဖိလေမုန်မှ ဩနေသိမ်အား သနားကြင်နာရန် အသနားခံမှုကို ရည်ရွယ်ထားသည်။

ဩနေသိမ်သည် သူ၏သခင်ထံမှထွက်ပြေးပြီးနောက် ဖိလေမုန်၏သူငယ်ချင်းပေါလုကို ရှာဖွေခဲ့ ပုံရသည်။ ပေါလု၏ဓမ္မအမှုတော်တွင် ဩနေသိမ်သည် ခရစ်ယာန်တစ်ဦးဖြစ်လာခဲ့သည်။ ထို့အပြင်၊ ဩနေသိမ်သည် ပေါလုနှင့်အတူနေခဲ့ပြီး အကျဉ်းထောင်ထဲတွင် အမှုထမ်းခဲ့သည်။ ထို့ကြောင့်၊ ဩနေ သိမ်နှင့် ဖိလေမုန်နှင့်ပတ်သက်သော ပေါလု၏အမှုဆောင်ခြင်းသည် အလွန်ပင်ကိုယ်ရေးကိုယ်တာဖြစ် သည်။ သူတို့၏သင်းအုပ်ဆရာအဖြစ်လည်းကောင်း၊ မိတ်ဆွေအဖြစ်လည်းကောင်း၊ သူတို့၏ဆက်ဆံရေး ကို ပြန်လည်သင့်မြတ်ရန် စောင့်ရှောက်ခဲ့သည်။

> ကျမ်း၏တင်ပြပုံအရ ဖိလေမုန်ဩဝါဒစာသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။ ပေါလုသည်သူ၏ကျွန်အား လွှတ်ပေးရန် ဖိလေမုန်အား လျောက်ပတ်စွာ တောင်းဆိုနေပုံရသည်။ အထူးသဖြင့်၊ သူသည် သူ၏ တမန်တော်ဖြစ်ခြင်းအခွင့်အာဏာကိုသုံးရန် မကြိုးစားဘဲ၊... ဖိလေမုန်၏ မျက်နှာကိုထောက်ပြီး ဤအရာအားလုံးတွင် ကြည့်ကောင်းစေရန် လုပ်ဆောင်ခဲ့သည်။ သို့သော် ဖိလေမုန်ဩဝါဒစာကို သေချာစွာဖတ်ပါက၊ အနည်းဆုံး ကျွန်ုပ်ဖတ်ကြည့်သောအခါ၊ ဖိလေမုန်နှင့် စကားပြောနေသည့် ဖိလေမုန်၏ဘဝ၌ရှိနေသော ပေါလု၏အခန်းကဏ္ဍအကြောင်း ဖော်ပြနေသည်ကို တွေ့ရသည်။ သူသည် ဝိညာဉ်ရေးဖခင်မျိုးဖြစ်သည်။ ထို့နောက်သူက "သင့်အား ဤသို့လုပ်ပါ၊ ထိုသို့လုပ်ဆောင်ပါဟု ကျွန်ုပ်အမိန့်မပေးလိုပါ၊ သို့သော် လုပ်ဖော်ဆောင်ဖက်၊ မိတ်ဆွေတစ်ဦးအနေနှင့်""ကျွန်ုပ်ကိုကူညီဖို့ရာငွေကို ဆောင်ရွက်ပေးပါ။" ဩနေသိမ်၌ဖြစ်ပျက်နေသော အရေးကြီးသည့် ပြောင်းလဲမှုကို ပြသပြီး၊ ယခုသူသည် ညီအစ်ကိုဖြစ်ပြီဟု ဆိုသည်။ သူသည် ကျွန်တစ်ဦးထက်သာ၍အရေးကြီးပြီး၊ ငါပေါလုအတွက် သူသည် အမှန်တကယ် ပင် အထောက်အကူဖြစ်သည်။ ထို့နောက်အဆုံး၌ သူက "ကျွန်ုပ်အတွက် အိပ်ရာတစ်ခု ပြင်ထားပါ၊ ကျွန်ုပ်လာ၍နေမည်"ဟုဆိုလေသည်။
>
> **Dr Joseph D. Fantin**

ပေါလုသည် သူ၏ကျမ်းများကို အသင်းတော်တစ်ခုလုံးနှင့်ပတ်သက်သည့် ဓမ္မပညာကိစ္စရပ်များ အတွက်လည်း လမ်းညွှန်ပေးပြီး၊ သင်းအုပ်တစ်ဦးအနေဖြင့် အခွင့်အာဏာရှိသော တမန်တော်ဆိုင်ရာ ညွှန်ကြားချက်ကို ပေးခဲ့သည်။ ခရစ်တော်၏အခွင့်အာဏာရှိသောကိုယ်စားလှယ်အဖြစ် သူ၏သွန်သင် ခြင်းအမှုတော်သည်အကျဉ်းချခံရစဉ်အတွင်း ယိမ်းယိုင်ခဲ့ခြင်းမရှိပေ။ ယင်းအစား၊ သမ္မာတရားနှင့် ပတ်သက်၍ မမှားနိုင်သောဗျာဒိတ်တော်များကို ပေါလုသည်ဆက်လက်ဖော်ပြခဲ့ပြီး၊ ထိုသမ္မာတရားကို သူ၏ကျမ်းများမှတစ်ဆင့် အသင်းတော်ထံ ဆက်လက်ကျင့်သုံးခဲ့သည်။

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ တမန်တော်ဝတ္ထုနှင့် ပေါလု၏ဓမ္မသစ်ကျမ်းများ နှစ်ခုစလုံး သည်၊ ပေါလုအနေဖြင့်အကျဉ်းချခံရစဉ် ဓမ္မအမှုတော်တွင် တက်ကြွစွာပါဝင်ခဲ့ကြောင်း ဖော်ပြသည်။ ဧဝံဂေလိတရားပြန့်ပွားရန်နှင့် သန့်ရှင်းသူတို့အတွက် စံနမူနာပြရန် အခွင့်အရေးအဖြစ် ဘုရားသခင်က သူ့ကို အကျဉ်းချထားကြောင်း သူသိသည်။ ဤအသိပညာ၏လှုံ့ဆော်မှုဖြင့်၊ သူသည် ဟောပြောခြင်း၊ ဆုတောင်းခြင်း၊ ဆင်းရဲဒုက္ခနှင့် စာရေးခြင်းတို့ကို ခိုင်ခံ့စွာလုပ်ဆောင်ပြီး ယေရှုခရစ်၏ တမန်တော် အဖြစ် သူ၏တာဝန်အားလုံးကို သစ္စာရှိစွာထမ်းဆောင်ခဲ့သည်။

ကျွန်ုပ်တို့သည် ပေါလု၏အကျဉ်းချခံရခြင်း၏နောက်ခံနှင့် သူ၏အကျဉ်းကျနေစဉ်အတွင်း အမှုတော်ဆက်လက်ဆောင်ရွက်ခြင်းကို မိတ်ဆက်ခဲ့ပြီးနောက်၊ ယခုကျွန်ုပ်တို့သည် သူ၏အကျဉ်းထောင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းများ၏ ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုကို လေ့လာရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဤကဏ္ဍတွင်၊ ကျွန်ုပ်တို့သည် အကျဉ်းထောင်သြဝါဒစာများတွင် တူညီသောအယူဝါဒဆိုင်ရာ အကြောင်းအရာအချို့ကိုလေ့လာကာ၊ ၎င်းတို့သည် ပေါလု၏ပိုမိုကျယ်ပြန့်သော ဓမ္မပညာစနစ်နှင့် မည်သို့ကိုက်ညီကြောင်း ရှင်းပြပါမည်။

# ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှု

ပေါလု၏အကျဉ်းထောင်ကျမ်းများသည် အရေးကြီးသောအယူဝါဒဆိုင်ရာ အခြေခံအုတ်မြစ်များစွာကို ဝေမျှပေးသည်မှာ ပြောရန်ပင်မလိုပါ။ အခြေခံအားဖြင့်၊ သူတို့အားလုံးသည် တူညီသော ဧဝံဂေလိတရားကို အတည်ပြုကြသည်။ သို့သော် ကျွန်ုပ်တို့အားလုံးသိကြသည့်အတိုင်း၊ ခရစ်ယာန်ဧဝံဂေလိတရားသည် မျက်နှာပြင်မျိုးစုံသတင်းစကားဖြစ်သည်။ ထို့ကြောင့်၊ ပေါလု၏အကျဉ်းထောင်ကျမ်းများသည် အထူးသဖြင့် ပေါလုအတွက် ပုဂ္ဂိုလ်ရေးအရ အကျဉ်းချခံရသည့်နှစ်များအတွင်းနှင့်သူ၏အကျဉ်းထောင်သြဝါဒစာများကို ပထမဆုံးလက်ခံရရှိသူများအတွက် ဧဝံဂေလိတရား၏ရှုထောင့်အမျိုးမျိုးဖြင့် ပေါင်းစည်းထားသည်ကို သဘောပေါက်ရန် အရေးကြီးသည်။

အကျဉ်းထောင်သြဝါဒစာများ၏ ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုဆိုင်ရာ ကျွန်ုပ်တို့၏ဆွေးနွေးချက်သည် ဤကျမ်းများတွင် ပေါလုအကြိမ်ကြိမ်ဖော်ပြထားသည့် အနီးကပ်ဆက်စပ်နေသော သွန်သင်ချက်သုံးခုကို အာရုံစိုက်ပါမည်။ ဦးစွာ၊ ယေရှုခရစ်သည် ဖန်ဆင်းရှင်ဘုရင်ဖြစ်ခြင်းအယူဝါဒကို ကြည့်ပါမည်။ ဒုတိယ၊ ယေရှု၏ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာ သီးခြားရှုထောင့်ဖြစ်သည့် ကိုယ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းတွင် ယုံကြည်သူများခရစ်တော်နှင့် ပေါင်းစည်းခြင်း ကိုအာရုံစိုက်ပါမည်။ တတိယ၊ ဤအယူဝါဒနှစ်ခုသည် ကျင့်ဝတ်ဆိုင်ရာအသက်ရှင်မှုဆိုင်ရာ လိုအပ်ချက်များအား ညွှန်ပြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယေရှုခရစ်သည် ဖန်ဆင်းရှင်ဘုရင်ဖြစ်သည်ဟူသော ပေါလု၏သွန်သင်ချက်ကို ဦးစွာကြည့်ကြပါစို့။

## ဖန်ဆင်းရှင်ဘုရင်

ဖန်ဆင်းရှင်ဘုရင်အဖြစ် ခရစ်တော်အပေါ် ပေါလု၏အလေးပေးမှုသည် သူ၏အခြားကျမ်းများထက် အကျဉ်းထောင်ကျမ်းများတွင် ပို၍ထင်ရှားသည်။ ဤသြဝါဒစာများတွင် မကြာခဏတွေ့ရလေ့ရှိသော ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာ ကဏ္ဍသုံးရပ်ကို သုံးသပ်ပါမည်_ တန်ခိုးတော်နှင့် အခွင့်အာဏာအပါအဝင် ခရစ်တော်၏အချုပ်အခြာအာဏာ။ ဘုန်းအသရေနှင့် လေးစားခြင်း၊ အတုယူခြင်း၊ ကိုးကွယ်ထိုက်ခြင်းအပါအဝင် သူ၏ဂုဏ်အသရေ။ မြေကြီးပေါ်၌ သူ၏နိုင်ငံတော်ပြည့်စုံစေရန် တစ်ဖန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြန်လာရန် သူ၏သန္နိဋ္ဌာန်တို့ဖြစ်သည်။ ခရစ်တော်၏ တော်ဝင်အချုပ်အခြာအာဏာကို ကြည့်ခြင်းဖြင့် စတင်ကြပါစို့။

## အချုပ်အခြာအာဏာ

ခရစ်တော်သည် အချုပ်အခြာအာဏာပိုင်သည်ဟုဆိုသောအခါ၊ သူ၏အလိုဆန္ဒကို ပြီးမြောက်ရန် ခွန်အားနှင့် တန်ခိုးရှိကြောင်းနှင့် သူ့ထံ၌တရားဝင်အခွင့်အာဏာနှင့် ပြုလုပ်ပိုင်ခွင့်ရှိသည်ဟု ဆိုလိုသည်။ ရှေးခေတ်ကာလတွင်၊ ဘုရင်များနှင့် ဧကရာဇ်များသည် မိမိတို့နိုင်ငံများ၏စစ်တပ်များကို အမိန့်ပေးခြင်း၊ စစ်တပ်များအားစွမ်းအားများပေးကာ ၎င်းတို့အလိုရှိရာကိုပြီးမြောက်စေရန် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့နိုင်ငံများ၏ဥပဒေများသည် ၎င်းတို့၏အုပ်စိုးပိုင်ခွင့်နှင့် အုပ်ချုပ်ပိုင်ခွင့်ကိုလည်း အသိအမှတ်ပြုထားပြီး၊ ၎င်းတို့ဆန္ဒအတိုင်း ပြီးမြောက်ရန်အခွင့်အာဏာရှိသည်ဟု ဆိုလိုသည်။

ပေါလု၏အဆိုအရ၊ ယေရှုသည် ကောင်းကင်ဘုံသို့တက်ကြွသောအခါ၊ ခမည်းတော်ဘုရားသခင်သည် ဖန်ဆင်းခံအားလုံးအပေါ် ဤကဲ့သို့သောအချုပ်အခြာအာဏာကို ကိုယ်တော်အား အပ်နှင်းထားသည်။ ယေရှုသည် အလွန်တန်ခိုးကြီးပြီး အုပ်စိုးသူဖြစ်သည်။ သူ၏အချုပ်အခြာအာဏာသည် မြေကြီးပေါ်တွင်ဖြစ်စေ သို့မဟုတ် ဝိညာဉ်ရေးနယ်ပယ်တွင်ဖြစ်စေ အခြားဘုရင်များနှင့် အုပ်စိုးရှင်များအားလုံးအပေါ် လွှမ်းမိုးထားသည်။ ဧဖက် ၁:၂၀-၂၂ တွင်၊ ခမည်းတော်သည် ခရစ်တော်အားအပ်နှင်းထားသော အချုပ်အခြာအာဏာကို ပေါလုဤသို့ဖော်ပြခဲ့သည်_

> ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍
> ခရစ်တော်၌ပြုပြင်သော မဟာ တန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။
> ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍
> ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့အထက်၊
> ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို
> ခရစ်တော်အားပေးတော်မူ၍၊ ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို
> ချထားသဖြင့်၊ အသင်းတော်ဘို့အလိုငှါ၊ သူ့ကိုအလုံးစုံတို့၏ အချုပ်အခြာ
> ဦးခေါင်းဖြစ်စေတော်မူ၏ (ဧဖက် ၁:၂၀-၂၂)။

ယခုအချိန်တွင်၊ ယေရှုခရစ်သည် ဖန်ဆင်းခြင်းတစ်ခုလုံးကို အကြွင်းမဲ့အာဏာဖြင့် အုပ်စိုးထားသည်။ ထို့ပြင် သူ၏အချုပ်အခြာအာဏာသည် ကောင်းကင်ဘုံနယ်ပယ်များ၌သာ အကန့်အသတ်အားဖြင့် ရှိသည်မဟုတ်ပါ။ ကိုယ်တော်သည် လောကကိုလည်း အုပ်စိုးတော်မူသည်။ မဿဲ ၂၈:၁၈ တွင် သခင်ယေရှုကိုယ်တော်တိုင် ဟောကြားထားသည့်အတိုင်း_

> ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို
> ငါခံရပြီ (မဿဲ ၂၈:၁၈)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် အကျဉ်းကျနေချိန်၌ ခရစ်တော်၏အချုပ်အခြာအာဏာသည် သူ့အတွက် အရေးပါခဲ့ခြင်းသည် အံ့သြစရာမဟုတ်ပေလော။ ခရစ်တော်ယေရှုသည် ဖန်ဆင်းခြင်းအားလုံးကို အုပ်စိုးသည်။ မြေကြီးပေါ် ရှိ အစိုးရများနှင့် တိုင်းနိုင်ငံအားလုံး၊ ကောင်းကင်တမန်များနှင့် နတ်ဆိုးအပေါင်းတို့ကို အုပ်စိုးတော်မူသည်။ ဖန်ဆင်းခံအရာအားလုံးသည် ကိုယ်တော်အား နာခံသင့်သကဲ့သို့ နာခံမည်မဟုတ်သည်မှာ ရှင်းနေပါသည်။ သို့သော် ခမည်းတော်သည် ယေရှုအား နာခံမှုနှင့်အမိန့်ပေးပိုင်ခွင့်ကိုလည်းကောင်း၊ မိမိအလိုဆန္ဒအတိုင်းနာခံရန် အခွင့်အာဏာကိုလည်းကောင်း ပေးထားသည်။ ခရစ်တော်သည် မိမိချစ်မြတ်နိုးသူများကို ကောင်းချီးပေးပြီး၊ ရန်သူများကိုဖျက်ဆီးရန် အကြွင်းမဲ့အခွင့်အာဏာသူ၌ရှိသည်။ ဧဝံဂေလိတရား၏ဤအသွင်အပြင်သည် ပေါလုအတွက် ခွန်အားရင်းမြစ်တစ်ခုဖြစ်ကာ၊ ၎င်း၏အကျဉ်းထောင်သြဝါဒစာများတွင် ရဲရင့်စွာဟောပြောခဲ့သည်။

ခရစ်တော်၏ အချုပ်အခြာအာဏာကို ဖန်ဆင်းခြင်း၏ရှင်ဘုရင်အဖြစ် အလေးပေးသည့်အပြင်၊ ပေါလုသည် သူ၏နောက်လိုက်အားလုံးထံမှ လေးစားမှု၊ အတုယူမှုနှင့် ဝတ်ပြုကိုးကွယ်မှုတို့ကို တောင်းဆိုသည့် ခရစ်တော်၏ဂုဏ်အသရေ ဘုန်းအသရေနှင့် တန်ဖိုးတို့ကို အာရုံစိုက်စေခဲ့သည်။

## ဂုဏ်အသရေ

အကျဉ်းကျနေစဉ်၊ ခရစ်တော်သည်စုံလင်ပြီး သန့်ရှင်းဖြောင့်မတ်သောကြောင့် ဂုဏ်ပြုထိုက်ကြောင်း ပေါလုသည်အကြိမ်ကြိမ် အလေးပေးဖော်ပြခဲ့သည်။ အမြင့်ဆုံးသော အခွင့်အာဏာကို ကိုင်စွဲထားသောကြောင့်လည်းကောင်း၊ ထိုအခွင့်အာဏာကို တရားမျှတစွာ ထမ်းဆောင်ခြင်းကြောင့်လည်းကောင်း သူသည်ဂုဏ်ပြုထိုက်ပေသည်။ သူသည် စကြဝဠာကြီးကို ဖန်ဆင်းသည့်အရှင်နှင့် ထိန်းသိမ်းသူဖြစ်သောကြောင့် ဂုဏ်ပြုထိုက်သူဖြစ်သည်။ ယေရှု၏ဂုဏ်ပြုထိုက်မှုအကြောင်းရင်းရာပေါင်းများစွာကို ကျွန်ုပ်တို့အလွယ်တကူ စာရင်းပြုစုနိုင်သည်။ သို့သော် အဘယ်ကြောင့်ယေရှုသည် ဂုဏ်အသရေနှင့် ချီးမွမ်းခြင်းခံထိုက်ကြောင်းကို ပေါလုသည် သူ၏အကျဉ်းထောင်သြဝါဒစာများတွင် ဖော်ပြခဲ့သော အကြီးမားဆုံးအကြောင်းပြချက်မှာ ကိုယ်တော်သည် ဘုရားဖြစ်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သခင်ယေရှုသည် ဘုရားသခင်ဖြစ်ပြီး၊ ဘုရားသခင်သည် အမြင့်ဆုံးသော ဂုဏ်အသရေနှင့် ထိုက်တန်သည်ဟု ထင်မြင်ပါသည်။

အသင်းတော်ရှိမိစ္ဆာဆရာအချို့က ယေရှုသည် မည်မျှထူးခြားသည်ကို သဘောပေါက်ခြင်းမရှိသောကြောင့်၊ ခရစ်တော်၏ဂုဏ်အသရေအပေါ် ပေါလု၏တိုးမြင့်သိရှိနားလည်မှုသည်လည်း ဤကျမ်းများတွင် ပေါ်လွင်ထင်ရှားလာသည်။ ဤမိစ္ဆာဆရာများသည် သခင်ယေရှုအပြင် ကောင်းကင်တမန်များနှင့် နာမ်ဝိညာဉ်များကို ကြည်ညိုလေးမြတ်ကြောင်း မိတ်ဆက်ခဲ့ပုံရသည်။ ပေါလုသည် ဘုရားသခင်၏သားတော်အဖြစ် ခရစ်တော်၏ထူးခြားပြီး သာလွန်ကြီးမြတ်မှုကို အလေးပေးခြင်းဖြင့် ဤမှားယွင်းသောသွန်သင်မှုများကို ငြင်းဆိုခဲ့သည်။ ကောလောသဲ ၁:၁၆-၁၇ တွင် ခရစ်တော်ကို အခြားသောဝိညာဉ်များနှင့် ခြားနားစေတော်မူပုံကို နားထောင်ပါ_

အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊
မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပ အရာ၊ ရာဇပလ္လင်ဖြစ်စေ၊
အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊—
ထိုသခင်အဘို့ အလိုငှါရှင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်
ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်တော်မူ၍
ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏ (ကောလောသဲ
၁:၁၆-၁၇)။

ဤကျမ်းပိုဒ်တွင်ဖော်ပြသည့်အတိုင်း၊ ယေရှုသည် ရှိရှိသမျှအရာအားလုံးကို ဖန်ဆင်းတော်မူသောကြောင့် အမြင့်ဆုံးဂုဏ်အသရေကို ခံရမည်ဖြစ်သည်— မိစ္ဆာဆရာများ ကြည်ညိုလေးစားသော ကောင်းကင်တမန်များနှင့် နာမ်ဝိညာဉ်များပင် ဂုဏ်ပြုကြမည်ဖြစ်သည်။ ယေရှုသည် ဝိညာဉ်ရေးရာနယ်ပယ်နှင့် လောကနယ်ပယ်နှစ်ခုလုံးတွင် အခြားအုပ်စိုးရှင်များကိုင်ဆောင်ထားသော အရိုက်အရာအားလုံးကို တည်ထောင်ခဲ့သူဖြစ်သည်။ ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ်တွင် အုပ်စိုးသော လူသားများနှင့်ဝိညာဉ်ရေးနယ်ပယ်တွင် အခွင့်အာဏာရှိသည့် ကောင်းကင်တမန်များနှင့် နတ်ဆိုးများကဲ့သို့သော အခြားအုပ်စိုးရှင်များကို ဖန်ဆင်းခဲ့သူဖြစ်သည်။

ကောလောသဲ ၁:၁၅ နှင့် နောက်ဆက်တွဲတွင်၊ ကောလောသဲမြို့သားတို့၏
"ခရစ်တော်၏ဓမ္မသီချင်း"အဖြစ် ပညာရှင်တို့ရည်ညွှန်းသော ကျမ်းတစ်စိတ်
တစ်ပိုင်းကို တွေ့ရသည်။ ထို့ပြင် ကျွန်ုပ်တို့ရရှိသည့်အရာသည် ဖန်ဆင်းရာ
အားလုံးအပေါ် ခရစ်တော်၏မြင့်မြတ်မှု၏ထူးခြားသော ပုံရိပ်ဖြစ်ပြီး၊
ကိုယ်တော်သည် အရာခပ်သိမ်းထက် သာလွန်သည်—အရာအားလုံးသည်
သူ၏အခွင့်အာဏာအောက်တွင်ရှိတော်မူသည်—ဘုရားသခင်သည်
အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၍၊ ယေရှုသည် ခပ်သိမ်းသောအရာတို့ကို
တည်စေတော်မူမည်အကြောင်း၊ ကိုယ်တော်သည် အရာခပ်သိမ်း၏ ဗဟိုချက်၌
ရှိတော်မူသည်။ ထို့ကြောင့်၊ ဥပမာ ဖေက် ၁ နှင့် အခြားနေရာများမှ
အခြေအနေသည်၊ ကျွန်ုပ်တို့အားမွေးဖွားခြင်း၊ သေဆုံးခြင်းနှင့်
ရှင်ပြန်ထမြောက်ခြင်းထက်သာလွန်သည့် လောကအတွက် အရေးပါသော
စကြဝဠာဆိုင်ရာခရစ်တော်၏ပုံရိပ်တစ်ခုကိုပေးပြီး၊ ဤဖြစ်ရပ်များကဲ့သို့
အရေးကြီးသော်လည်း၊ သူသည် ဖန်ဆင်းခြင်း၌ဘုရားသခင်၏ကိုယ်စားလှယ်၊
ဖန်ဆင်းခြင်းအားထိန်းသိမ်းသူ၊ ဖန်ဆင်းခံအားလုံးအပေါ်အရှင်သခင်
ဖြစ်တော်မူသည်၊ သို့ဖြစ်၍ အရာခပ်သိမ်းသည် ၎င်းတို့၏အဆုံး၊ ၎င်းတို့၏
ပန်းတိုင်၊ ပြည့်စုံမှုကို ရှာတွေ့နိုင်မည်ဖြစ်သည်။

**Dr Constantine Campbell**

ခရစ်တော်အား သူ၏အချုပ်အခြာအာဏာနှင့် ဂုဏ်အသရေဖြင့် ဖန်ဆင်းရှင်ဘုရင်အဖြစ် ဟောပြောခြင်းအပြင်၊ ခရစ်တော်သည် သူ၏နိုင်ငံတော်ပြည့်စုံစေရန် ကမ္ဘာမြေကြီးသို့ ပြန်လာရန် သူ၏သန္နိဋ္ဌာန်ကိုလည်း ပေါလုအလေးပေးဖော်ပြခဲ့သည်။

## သန္နိဋ္ဌာန်

ခရစ်တော်ပြန်ကြွလာခြင်းနှင့်ပတ်သက်၍ ပေါလု၏အမြင်ကိုနားလည်ရန်၊ သူ၏နောက်ဆုံးကာလများအကြောင်း သွန်သင်ချက်သည် ယုဒလူမျိုးများ၏နောက်ဆုံးကာလရိုးရာဓလေ့ထုံးတမ်းစဉ်လာအမြင်များမှ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ပေါလုခေတ်၏ ယုဒလူမျိုးများ၏ရိုးရာဓမ္မပညာအရ၊ သမ္မာကျမ်းစာသည် လူသားမျိုးနွယ်၏ ကြီးမားသောခေတ်ကာလကြီးနှစ်ခုကို ဖော်ပြသည်ဟုယူဆခဲ့သည်။ ခရစ်တော်မတိုင်မီ၊ ဤကမ္ဘာသည် အပြစ်တရား၊ သေခြင်းနှင့် ဖောက်ပြန်ခြင်း၏လက္ခဏာဆောင်သည့် "ဤကာလ"အသွင်ဖြင့် ရှိနေသည်။ ထို့နောက် သမ္မာကျမ်းစာက "ဘုရားသခင်၏နိုင်ငံတော်" နှင့် "ကောင်းကင်နိုင်ငံတော်" ဟုလည်းရည်ညွှန်းထားသည့် "နောင်လာမည့်ကာလ" ဟူသောဤပစ္စုပ္ပန်ကာလ ဖြစ်သည်။

ယုဒလူမျိုးတို့၏ ကျယ်ပြန့်သောယုံကြည်ချက်များအရ၊ မေရှိယ သို့မဟုတ် ခရစ်တော်ကြွလာခြင်းနှင့်အတူ နောင်လာမည့်ကာလသည် တစ်ချိန်တည်းတွင် ရောက်ရှိလာမည်ဖြစ်သည်။ သို့သော် ပေါလုနှင့် အခြားသောဓမ္မသစ်ကျမ်းရေးသူများ၏အဆိုအရ၊ ယုဒလူမျိုးတို့၏ဤရိုးရာခံယူချက်သည် လုံးဝမှန်ကန်ခြင်းမရှိကြောင်း ယေရှုဖော်ပြခဲ့သည်။ နောင်လာမည့်ကာလသည် လက်ရှိခေတ်ကာလကို အစားထိုးမည်ဖြစ်သော်လည်း၊ အားလုံးချက်ချင်း မဟုတ်ပါ။ ယင်းအစား၊ ခရစ်တော်၏မြေကြီးဆိုင်ရာအမှုတော်မှအစပြု၍ ခေတ်နှစ်ခုသည် အချိန်အတိုင်းအတာတစ်ခုအထိ ထပ်နေမည်ဖြစ်သည်—ဘုရားသခင်၏နိုင်ငံတော်"အစပြုခြင်း"—နှင့် ခရစ်တော်ပြန်လည်ကြွလာချိန် သို့မဟုတ် ဒုတိယအကြိမ်ကြွလာချိန်—ဘုရားသခင်၏နိုင်ငံတော် "ပြီးပြည့်စုံခြင်း"အထိကို ရည်ညွှန်းပါသည်။ အစပြုခြင်းနှင့် ပြီးပြည့်စုံခြင်းကြားတွင် ဘုရားသခင်၏နိုင်ငံတော် "ဆက်လက်တည်မြဲခြင်း"ဟုခေါ်သည့် ကာလဖြစ်သည်။ ဤအလယ်ခေတ်ကာလသည် ပေါလု၏ခေတ်အသင်းတော်တည်ရှိပြီးမှစ၍၊ ယနေ့တိုင် ဆက်လက်တည်ရှိနေသည့်အချိန်ကာလဖြစ်သည်။

ပေါလုသည် နောက်ဆုံးသောကာလ သို့မဟုတ် နောက်ဆုံးသောနေ့ရက်များနှင့်ပတ်သက်၍ သူ၏အမြင်ကို မကြာခဏ ဖော်ပြလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အကျဉ်းသားတစ်ဦးအဖြစ် သူကြုံတွေ့ခဲ့သောပြဿနာများကို ရှင်းပြပြီး၊ အကျဉ်းထောင်ထဲတွင် သူရေးခဲ့သောအသင်းတော်များ၏ ပြဿနာများစွာကို ကိုင်တွယ်ဖြေရှင်းပေးသောကြောင့် ဖြစ်သည်။ အပြစ်တရား၊ သေခြင်းနှင့် မျက်မှောက်ခေတ်၏ဖောက်ပြန်ခြင်းသည် အပြည့်အဝပျောက်ကွယ်သွားခြင်းမရှိသေးပါ။ ထို့ကြောင့် ယုံကြည်သူများ ဆက်လက်ခံစားနေကြရသည်။ မည်သို့ပင်ဆိုစေကာမူ၊ အနာဂတ်တစ်နေ့တွင် ယေရှုသည် မယုံကြည်သူများအပေါ် နောက်ဆုံးတရားစီရင်ခြင်းနှင့် ယုံကြည်သူအားလုံးအတွက် နောက်ဆုံးကောင်းချီးမင်္ဂလာများကို ယူဆောင်လာမည်ဖြစ်သည်။ ထိုအတောအတွင်း၊ ခရစ်ယာန်များသည် ယေရှုအမှန်တကယ် ပြန်လာမည်ဟူသော မျှော်လင့်ချက်ကို စွဲကိုင်ထားရပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင်၊ ယေရှုသည် ရှင်ဘုရင်အဖြစ် ကောင်းကင်မှစိုးစံနေသည်။ သို့သော်သူသည် ၎င်းကို စိတ်ကျေနပ်မှုမရှိပါ။ သူသည် ယခုကောင်းကင်ဘုံ၌ စိုးစံသကဲ့သို့၊ ဖန်ဆင်းခြင်း အရပ်ရပ်တို့ကို အလုံးစုံသော ဘုန်းအသရေနှင့်အုပ်စိုးရန် အကြံအစည်ရှိသည်။ သူသည်နောက်ဆုံးတွင် အကြွင်းမဲ့ဖျက်ဆီးပြီး သူ၏ရန်သူများကိုအပြစ်ပေးကာ၊ ဖန်ဆင်းခြင်းအသစ်တွင် သူ၏သစ္စာရှိယုံကြည်သူအားလုံးကို ကောင်းချီးမင်္ဂလာများပေးသည်အထိ ကျေနပ်ရောင့်ရဲမည်မဟုတ်ပါ။ ၎င်းကို မြေကြီးတပြင်လုံးသို့ သူ၏ နိုင်ငံတော်ဖြန့်ကျက်ခြင်းဖြင့် လုပ်ဆောင်ရန်စီစဉ်နေသည်။ ပေါလုသည် ခရစ်တော်၏အကြံအစည်သည် ဖန်ဆင်းခြင်းအားလုံးအပေါ် အုပ်စိုးရန်ဖြစ်သည်ကို သိထားပြီး၊ ခရစ်တော်သည် သူ၏နိုင်ငံတော်ပြည့်စုံစေရန် သန္နိဋ္ဌာန်ချထားကြောင်း ယုံကြည်စိတ်ချစွာဖြင့် အခိုင်အမာပြောခဲ့သည်။ ဤအကြောင်းကြောင့် ခရစ်တော်ပြန်လာသောအခါတွင် ၎င်းတို့ရရှိမည့် အနာဂတ်အမွေနှင့် ကြီးမားသောဆုလာဘ်များ အကြောင်း သူရေးသားခဲ့ခြင်းဖြစ်သည်။ ဥပမာ၊ ဧဖက် ၁:၁၃-၁၄ တွင် သူ၏စကားများကို သုံးသပ်ကြည့်ပါ_

> သင်တို့သည်လည်း...ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံကြရပြီ။ ထိုဝိညာဉ်တော်သည် ငါတို့ အမွေ၏ စားရန်ဖြစ်တော်မူ၏ (ဧဖက် ၁း၁၃-၁၄)။

ခရစ်ယာန်တိုင်း၏အနာဂတ်အမွေသည်အာမခံချက်ရှိကြောင်း ပေါလုအခိုင်အမာဆိုခဲ့သည်— ဘုရားသခင်ကတိပြုထားပြီး၊ ကိုယ်တော်သည် စိတ်ပြောင်းမည်မဟုတ်ပါ။ ထို့ကြောင့်၊ ယေရှုသည် ကျွန်ုပ်တို့၏အမွေကို ပြည့်စုံသောနိုင်ငံတော်၌ ပေးရန်အတွက် ပြန်လာရမည်ဖြစ်သည်။ ဖိလိပ္ပိ ၃:၂၀-၂၁ တွင် ရှင်ပေါလုသည် ဤအသုံးအနှုန်းများဖြင့် ခရစ်တော်ပြန်ကြွလာခြင်းအကြောင်းကို ရေးသားခဲ့သည်_

> ကယ်တင်တော်မူသောအရှင် သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်ဟု ငါတို့သည် မြော်လင့်လျက်နေကြ၏။ ယုတ်ညံ့သော ငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ ဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတ့ံ (ဖိလိပ္ပိ ၃း၂၀-၂၁)။

ခရစ်တော်သည် မြေကြီးပေါ်၌သူ၏နိုင်ငံတော်ပြည့်စုံစေရန် ပြန်လာသောအခါ၊ ကျွန်ုပ်တို့၏ အမွေဆက်ခံမှုတွင် ဘုန်းထင်ရှားသော ကိုယ်ခန္ဓာအသစ်များလည်း ပါဝင်မည်ဖြစ်သည်။ ပေါလုသည် ဆင်းရဲခံနေရစဉ်အတွင်း ဤမျှော်လင့်ချက်ထားခဲ့သည်။ သခင်ယေရှုသည် ပြန်လာမည်ဟု ကတိပြုထားကြောင်းနှင့် ယေရှုသည် ထိုကတိတော်ကိုဖြည့်ဆည်းရန် သန္နိဋ္ဌာန်ချထားကြောင်းလည်း သူသိသောကြောင့်၊ ပေါလုသည် ခရစ်တော်၏နောက်လိုက်များအား အလွန်ယုံကြည်စိတ်ချစွာ ဟောပြောခဲ့သည်။ သူ၏အကျဉ်းထောင်ဩဝါဒစာများတွင်၊ ပေါလုသည် ခရစ်တော်ကို ဖန်ဆင်းရှင်ဘုရင်အဖြစ်အာရုံစိုက်ခဲ့ပြီး၊ ခရစ်တော်၏တော်ဝင်အချုပ်အခြာအာဏာ၊ ဂုဏ်အသရေနှင့် သန္နိဋ္ဌာန်တို့ကို သူ၏သွန်သင်ချက်များ အတွက် အုတ်မြစ်များအဖြစ် မှီခိုအားထားခဲ့သည်။ ပေါလု၏ ဤအခြေခံသွန်သင်ချက်အကြောင်းအရာများကို အထူးသဖြင့် ကောလောသဲ၊ ဧဖက်နှင့်ဖိလိပ္ပိကျမ်းများတွင် အကြိမ်ကြိမ်တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုခရစ်သည် ဖန်ဆင်းရှင်ဘုရင်ဖြစ်သည်ဟူသော အယူဝါဒကို လေ့လာပြီးနောက်၊ ယခု ကျွန်ုပ်တို့သည် အကျဉ်းထောင်ဩဝါဒစာများ၏ ဓမ္မပညာဆိုင်ရာစည်းလုံးမှုကို ညွှန်ပြသော ကိုယ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းတွင် ယုံကြည်သူများခရစ်တော်နှင့် ပေါင်းစည်းခြင်းဟူသည့် ဒုတိယသွန်သင်ချက်ကို လေ့လာမည် ဖြစ်သည်။ သခင်ယေရှုနှင့် ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည်ကိုယ်တော်၏ကောင်းချီး မင်္ဂလာများမျှဝေခံစားခြင်းဖြစ်သည်

## ခရစ်တော်နှင့်ပေါင်းစည်းခြင်း

> ခရစ်တော်နှင့် ပေါင်းစည်းခြင်းသည် ရှင်ယောဟန်ဩဝါဒစာနှင့် ပေါလု၏ ကျမ်းများ၌ အထူးအတည်ပြုထားသော ဓမ္မသစ်ဗဟိုသမ္မာတရားတစ်ခု ဖြစ်သည်။ ထို့ကြောင့်၊ ယောဟန် ၁၄:၆ တွင် ယေရှုက "ငါသည်အသက်ဖြစ်၏" ဟုဆိုသည်။ ရှင်ယောဟန် ၃:၁၆ တွင်၊ "ကိုယ်တော်ကို ယုံကြည်သောသူတို့သည် ထာဝရအသက်ကိုရလိမ့်မည်"ဟုဆိုသည်။ ရှင်ယောဟန် ၃:၁၆ တွင်၊ ယေရှုသည် ယုံကြည်ခြင်း၏အရာတစ်ခုသာမဟုတ်၊ ယုံကြည်ခြင်း၏နေရာဖြစ်သည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုယုံကြည်သည်၊ စပျစ်ပင်၌တည်သော အကိုင်း အခက်ကဲ့သို့ ကျွန်ုပ်တို့သည်ကိုယ်တော်၌ ပေါင်းစည်းထားပါသည်။ ထို့ကြောင့် သူသည် အသက်ဖြစ်ပါက၊ ကျွန်ုပ်အသက်ရှင်လိုလျှင် ကိုယ်တော်၌ စည်းလုံး ညီညွတ်ရမည်ဖြစ်သည်။
>
> **Dr Knox Chamblin**

ပေါလု၏အဆိုအရ၊ ကျွန်ုပ်တို့သည် ယေရှုကိုယုံကြည်သောအခါ၊ ဘုရားသခင်ရှေ့တော်၌ လျှို့ဝှက်ဆန်းကြယ်သော၊ ဝိညာဉ်ရေးနည်းလမ်းဖြင့် ကိုယ်တော်၌စည်းလုံးညီညွတ်ကြသည်။ ကျွန်ုပ်တို့ သည် ယေရှုနှင့် စည်းလုံးညီညွတ်ခြင်းရှိသောကြောင့်၊ ကောင်းကင်ဘုံတန်တိုင်း၌ ကိုယ်တော်ကဲ့သို့ အပြစ်ကင်းသည်ဟု ကျွန်ုပ်တို့ကိုမှတ်ယူသည်။ ထို့ထက်မက၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စည်းလုံး ညီညွတ်သောကြောင့်၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၏ဘုန်းအသရေ၌လည်း ပါဝင်ပါသည်။ ပေါလုသည် သူ၏စာဖတ်သူများကို ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းနှင့်ပတ်သက်၍ ဝေမျှပေးသော သူ၏အကျဉ်းထောင်ဩဝါဒစာများတွင် ဤအယူအဆကို မကြာခဏဖော်ပြခဲ့သည်။ ယုံကြည်သူများ သည် ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းဂုဏ်အသရေ၌ပါဝင်ကြသောကြောင့်၊ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်ရှိနေချိန်အတွင်း ကောင်းချီးမင်္ဂလာများရရှိကြပြီး၊ နိုင်ငံတော်ပြီးပြည့်စုံသောကာလတွင် ပို၍ကြီးမားသောကောင်းချီးမင်္ဂလာများကို မျှော်လင့်စောင့်စားကြကြောင်း မကြာခဏဆိုသလို ထောက်ပြခဲ့သည်။ ဥပမာ၊ ကောလောသဲ ၃:၁-၄ တွင် ပေါလုဤသို့ရေးသားခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြာလော့။... အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။ ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ထင်ရှားကြလတံ့ (ကောလောသဲ ၃:၁-၄)။

ခရစ်တော်နှင့်ကျွန်ုပ်တို့ ပေါင်းစည်းခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ စည်းလုံးညီညွတ်ကြသောကြောင့်၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့်အတူ အသေခံကြသည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်ကြသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ကြသည်။ ခရစ်တော်၏ကောင်းကင်သို့ တက်ကြွခြင်းနှင့်ရှင်ဘုရင်ဖြစ်ခြင်း၌ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်ကြသောကြောင့်၊ ဘုန်းအသရေအားဖြင့် ပြန်လည်ကြွလာတော်မူသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အုပ်စိုးကြပါမည်။ ရှင်ပေါလုသည် ဧဖက် ၂:၆-၇ တွင် ရေးသားခဲ့သည့်အတိုင်း_

> ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါတို့၌ ကျေးဇူးပြု၍၊ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း (ဧဖက် ၂း၆-၇)။

ပေါလု၏အဆိုအရ၊ ယခုပင်ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ "ကောင်းကင်အရပ်၌ထိုင်နေကြပြီး"ဖန်ဆင်းရာအားလုံးကိုအုပ်စိုးသော လက်ရှိရှင်ဘုရင်အဖြစ် ကိုယ်တော်နှင့်အတူ စည်းလုံးညီညွတ်နေပါသည်။ ရလဒ်အနေနှင့်၊ ကျွန်ုပ်တို့သည် လက်ရှိမြေကြီးဆိုင်ရာအခြေအနေများတွင် ခံစားနေကြရသော်လည်း၊ ကိုယ်တော်၏ဂုဏ်အသရေနှင့် ကောင်းချီးမင်္ဂလာများကို ယခုအချိန်တွင်နည်းအမျိုးမျိုးဖြင့် ဝေမျှကြပါသည်။ သခင်ယေရှုကြွလာသောအခါ၊ ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာများသည် နောင်လာမည့်ကမ္ဘာတွင် အတိုင်းထက်အလွန် တိုးများလာမည်ဖြစ်သည်။ သို့သော် ပေါလုသည် ခရစ်တော်နှင့်အတူ ရှင်ဘုရင်ဖြစ်ခြင်း၌ ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည် ဆင်းရဲဒုက္ခကဲ့သို့သောအရာများအပေါ် သင့်လျော်သော ရှုမြင်သုံးသပ်ချက်ပေးရန် တောင်းဆိုခဲ့သည်။ ခရစ်တော်၏နောက်လိုက်များသည် ဆင်းရဲဒုက္ခကို တစ်ဦးတည်း သို့မဟုတ် အချည်းနှီးခံစားရခြင်းမဟုတ်ကြောင်း ထင်ရှားစေရန်အတွက် သူသည် ခရစ်တော်နှင့် ပေါင်းစည်းခြင်းအကြောင်း ပြောခဲ့သည်။ ဤသည်မှာ ပေါလုကိုယ်တိုင်အတွက်သာမက သူ၏စာဖတ်သူများအတွက်လည်း မှန်ပါသည်။ ကောလောသဲ ၁:၂၄ တွင် သူပြောထားသည်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါပေါလုသည် ထိုတရားကို ဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍၊ ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလိုငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏ (ကောလောသဲ ၁:၂၄)။

ခရစ်ယာန်အသက်တာသည် ခက်ခဲနိုင်ပြီး၊ ကြီးစွာသောဆင်းရဲဒုက္ခများ ပါဝင်နိုင်သည်။ ကျွန်ုပ်တို့၏ရှင်ဘုရင်သည် ကောင်းကင်ဘုံ၌စိုးစံသော်လည်း၊ သူ၏ရန်သူအပေါင်းတို့ကို မဖျက်ဆီးသေးသဖြင့်၊ ထိုရန်သူတို့သည် ကျွန်ုပ်တို့ကို ရန်ဘက်ပြုလေ့ရှိကြသည်။ သို့သော် ဧဝံဂေလိတရားအတွက် ကျွန်ုပ်တို့ ဆင်းရဲခံရသောအခါ၊ ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းအရ၊ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ခံစားရပြီး ကိုယ်ချင်းစာတရားရှိကြောင်း ပေါလုသည် နှစ်သိမ့်ခဲ့သည်။ ရှင်ဘုရင်ဖြစ်သောခရစ်တော်နှင့် ကျွန်ုပ်တို့ပေါင်းစည်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် အသင်းတော်ကိုအကျိုးပြုကြောင်းကို လည်း ပေါလုနှစ်သိမ့်ပေးခဲ့သည်။ ထို့ထက်မက၊ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် ယခုအချိန်တွင် ခရစ်တော် သတ်မှတ်ထားသော ဆင်းရဲဒုက္ခကို ပြီးမြောက်စေပြီး၊ ကျွန်ုပ်တို့ရှင်ဘုရင်၏ အောင်ပွဲခံပြန်လာခြင်း အတွက် အခြေအနေကိုသတ်မှတ်ပေးကြောင်း သူသွန်သင်ခဲ့သည်။ ဤကဲ့သို့သောအကြောင်းများ ကြောင့်၊ ပေါလု၏အကျဉ်းထောင်သြဝါဒစာများသည် ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်းစည်းခြင်း၏ အကြောင်းအရာအပေါ် သက်ရောက်လေ့ရှိသည်။ ပေါလုအတွက်၊ ဖန်ဆင်းရှင်ဘုရင်နှင့်ယုံကြည်သူတိုင်း ၏ပေါင်းစည်းခြင်းသည် ကြီးစွာသောယုံကြည်မှု၊ ဒုက္ခရောက်ချိန်၌ ကြီးစွာသောအားပေးမှုနှင့် အနာဂတ် အတွက် ကြီးစွာသောမျှော်လင့်ချက်၏ အရင်းအမြစ်ဖြစ်သည်။

ပေါလု၏အကျဉ်းထောင်သြဝါဒစာများသည် ခရစ်တော်အား ဖန်ဆင်းရှင်ဘုရင်အဖြစ် အာရုံစူး စိုက်ခြင်းဖြင့် ဓမ္မပညာအရစည်းလုံးညီညွတ်ပုံကို ဆန်းစစ်လေ့လာပြီးနောက်၊ ခရစ်တော်၏ရှင်ဘုရင်ဖြစ် ခြင်း၌ ယုံကြည်သူများနှင့် ပေါင်းစည်းခြင်းအပြင်၊ ကျွန်ုပ်တို့သည် ဤသြဝါဒစာများ၏တတိယမြောက် စည်းလုံးညီညွတ်မှုအကြောင်းအရာကိုလေ့လာသင့်သည်_ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းနှင့် ကိုယ်တော် နှင့်ကျွန်ုပ်တို့၏ ပေါင်းစည်းခြင်းတွင် အခြေခံနေသည့် ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်း၏လိုအပ်ချက် ဖြစ်သည်။

# ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်း

တမန်တော်သည် အယူဝါဒဆိုင်ရာကိစ္စရပ်များကို ဟောပြောသကဲ့သို့ ခရစ်ယာန်ကျင့်ဝတ်နှင့် ပတ်သက်၍ အချိန်များစွာအသုံးပြု၍ သွန်သင်ခဲ့ကြောင်းကို ပေါလု၏ရေးသားချက်များနှင့် ရင်းနှီးသူ တိုင်း သိကြသည်။ အထူးသဖြင့်၊ သူသည် အယူဝါဒဆိုင်ရာအကြောင်းအရာတစ်ခုကို မိတ်ဆက်သည့် အခါတိုင်းနီးပါး၊ ယုံကြည်သူများသည် မိမိတို့၏ဘဝတွင် ထိုအယူဝါဒကို လက်တွေ့ကျသောနည်းလမ်း များဖြင့် မည်သို့ကျင့်သုံးသင့်သည်ကို ရှင်းပြသည်။ သူသည် မှန်ကန်သောတွေးခေါ်မှု သို့မဟုတ် အယူဝါဒ များကို သင်ကြားပေးရုံသာမက၊ သင့်လျော်သော အပြုအမူနှင့် စိတ်ခံစားမှုများကိုလည်း အလေးပေး ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့၏အမူအကျင့်များနှင့် စိတ်ခံစားမှုများကို ပြောင်းလဲစေသောနည်းလမ်းများဖြင့်

စစ်မှန်သောသွန်သင်ခြင်းကို ကျွန်ုပ်တို့ဘဝအသက်တာတွင် အသုံးချခြင်းမရှိပါက၊ ၎င်းသည် တန်ဖိုးမရှိဟု ပေါလုပြောခဲ့သည်။ ၁ ကောရိန္သု ၁၃:၂ တွင် ဤအကျိုးသက်ရောက်မှုအတွက် ပေါလု၏စကားများကို နားထောင်ပါ_

> ပရောဖက်ဉာဏ်ကိုငါရ၍၊ နက်နဲသောအရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်၎င်း၊ တောင်များကိုရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်၎င်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏ (၁ ကောရိန္သု ၁၃:၂)။

ပေါလု သွန်သင်ခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့သည် နက်နဲသောအရာအားလုံးကို နားလည်သော်လည်းကောင်း၊ သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်လည်းကောင်း သို့မဟုတ် ဘုရားသခင်နှင့်ပတ်သက်၍ စုံလင်သောနားလည်မှုရှိသော်လည်းကောင်း ထိုအရာသည် လုံလောက်မှုမရှိပါ။ ကောင်းသောအယူဝါဒသည်—စုံလင်သောအယူဝါဒ—ကျွန်ုပ်တို့၏ဘဝကို မပြောင်းလဲပါက၊ ထိုအယူဝါဒရှိခြင်းသည် အချည်းနှီးသက်သက်ဖြစ်သည်။ ချစ်ခြင်းမေတ္တာမရှိလျှင်လည်းကောင်း၊ ခရစ်တော်ကိုနာခံသော ကျင့်ဝတ်ဆိုင်ရာအသက်ရှင်ခြင်း မဖြစ်ပေါ်လျှင်လည်းကောင်း၊ ၎င်းသည် တန်ဖိုးမရှိပါ။

ပေါလု၏အကျဉ်းထောင်သြဝါဒစာများတွင် ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်းကို ပုံမှန်အလေးပေးဖော်ပြရခြင်းမှာ ကျွန်ုပ်တို့အတွက် အံ့သြစရာမဟုတ်ပါ။ တစ်ဖက်တွင်၊ ခရစ်တော်သည် ရှင်ဘုရင်ဖြစ်သောကြောင့် ခရစ်တော်ကိုနာခံရန် ကျွန်ုပ်တို့တွင်တာဝန်ရှိသည်။ တစ်ဖက်တွင်၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စည်းလုံးညီညွတ်သောကြောင့် ခရစ်တော်ကို နာခံရန်တာဝန်ရှိသည်။ ခရစ်တော်၏ ရှင်ဘုရင်ဖြစ်ခြင်းမှ ဆင်းသက်လာသော ကျင့်ဝတ်သိက္ခာရှိစွာ အသက်ရှင်နေထိုင်ရန်တာဝန်ရှိခြင်းကို ဦးစွာကြည့်ကြပါစို့။

## ခရစ်တော်သည် ရှင်ဘုရင်ဖြစ်ခြင်း

အစောပိုင်းတွင် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ခရစ်တော်သည် ရှင်ဘုရင်ဖြစ်သောကြောင့်၊ သူသည် အချုပ်အခြာအာဏာပိုင်ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏နာခံမှုကို အမိန့်ပေးပိုင်ခွင့်ရှိသည်။ တစ်ဖန်ဆိုလိုသည်မှာ၊ ကျွန်ုပ်တို့သည် သူ့အားနာခံရန် တရားဝင်တာဝန်ရှိသည်။ ကျွန်ုပ်တို့ပြောခဲ့သည့်နည်းတူ၊ ခရစ်တော်သည် အကြွင်းမဲ့ဖြောင့်မတ်ပြီး တရားမျှတသည့်ရှင်ဘုရင်ဖြစ်သည်။ ဆိုလိုသည်မှာ၊ သူ၏စီရင်ချက်များနှင့် အမိန့်တော်များသည် အကြွင်းမဲ့ကျင့်ဝတ်ဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့၌လည်းသူ့အား နာခံရန်ကျင့်ဝတ်ဆိုင်ရာ တာဝန်တစ်ရပ်ရှိသည်။ ခရစ်တော်သည် အချုပ်အခြာအာဏာနှင့် တရားမျှတသော ရှင်ဘုရင်တစ်ပါးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်မိန့်မှာသမျှကို နာခံရန်တာဝန်ရှိသည်။ ဤသည်မှာ ဖိလိပ္ပိ ၂:၉-၁၂ တွင် ပေါလုတင်ပြသော ရှုထောင့်ဖြစ်ပြီး၊ ဤနှုတ်ကပတ်တော်များကို သူရေးခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကိုပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊... သို့ဖြစ်၍ငါ့ချစ်သူတို့၊ သင်တို့သည် ငါ့မျက်မှောက်၌ နားထောင်သည်သာမက၊...ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့ (ဖိလိပ္ပိ ၂:၉-၁၂)။

သခင်ယေရှုသည် ကောင်းကင်၊ မြေကြီးနှင့် မြေကြီးအောက်ရှိ အရာအားလုံးကို အုပ်စိုးသည့်အရှင်သခင်ဖြစ်သည်။ သူသည် ဖန်ဆင်းရှင်ဘုရင်ဖြစ်သည်။ ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းအပေါ်အခြေခံ၍၊ ပေါလုသည် ဖိလိပ္ပိလူတို့ကို ခရစ်တော်ကိုနာခံရန် တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့တွေ့မြင်ရသည်အတိုင်း၊ ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းသည် ကိုယ်တော်၏ဂုဏ်အသရေကို ထင်ရှားစေသည်။ ထို့ကြောင့်၊ ခရစ်ယာန်များသည် မိမိတို့ရှင်ဘုရင်၏ဂုဏ်အသရေကို လေးစားခြင်းဖြင့် သန့်ရှင်းသောအသက်တာတွင် အသက်ရှင်ရမည်ဟုလည်း ပေါလုတိုက်တွန်းခဲ့သည်။ ခရစ်တော်သည် သန့်ရှင်းဖြောင့်မတ်ပြီး ဂုဏ်အသရေရှိသည်။ ခရစ်တော်၏နောက်လိုက်များသည် ခရစ်တော်၏ဂုဏ်အသရေနှင့်ထိုက်တန်သောနည်းလမ်းများဖြင့် အသက်ရှင်နေထိုင်ရန် တာဝန်ရှိသည်။ ပေါလုသည် ဤအကြောင်းကို ဖိလိပ္ပိ ၁:၂၇ ၌ ရေးသားခဲ့သည်–

> ခရစ်တော်၏ ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကို ပြု၍သာနေကြလော့ (ဖိလိပ္ပိ ၁:၂၇)။

ကောလောသဲ ၁:၁၀ တွင် သူသည် သူ၏စာဖတ်သူများကို စာဖြင့် အားပေးခဲ့သည်_

> သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသော ဉာဏ်တိုးပွါးခြင်းရှိသဖြင့်၄င်း (ကောလောသဲ ၁:၁၀)။

ပေါလုနှင့်သူ၏ခရစ်ယာန်ချင်းများသည် ကိုယ်တော်အားချီးမြှောက်ပြီး ပျော်ရွှင်မှုဆောင်ကြဉ်းရန် ခရစ်တော်နှင့်ထိုက်တန်သောအသက်တာတွင် အသက်ရှင်မည့်အကြောင်းကို လေးနက်စွာ အလေးထားကြသည်။ ယုံကြည်သူများသည် ကောင်းသောအကျင့်ကိုကျင့်သောအခါ၊ ဆိုလိုသည်မှာ၊ သခင်ဘုရား၏အမိန့်တော်ကို နာခံသောအခါမှသာ ဤအရာသည်ပြီးမြောက်ပါသည်။ ပေါလုသည် သူ၏အကျဉ်းထောင်သြဝါဒစာများတစ်လျှောက်တွင်၊ သူ၏စာဖတ်သူများကို ခရစ်တော်ကိုနာခံရန်နှင့် သူတို့၏တွေးခေါ်မှု၊ လုပ်ဆောင်မှု၊ ခံစားမှုများတွင် ဘုရားသခင်၏အမိန့်တော်များနှင့်အညီ ကျင့်ဝတ်သိက္ခာရှိစွာနေထိုင်ရန် တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းကို အသိအမှတ်ပြုရန်နှင့် ဖန်ဆင်းရှင်ဘုရင်အဖြစ် ချီးမြှောက်ရန် ကျွန်ုပ်တို့အားသူသည် အကြိမ်ကြိမ် ထောက်ပြခဲ့သည်။

ခရစ်ယာန်များအနေဖြင့် ခရစ်တော်သည် ရှင်ဘုရင်ဖြစ်သောကြောင့် ကျင့်ဝတ်သိက္ခာရှိစွာ အသက်ရှင်သင့်ကြောင်း သွန်သင်ခြင်းအပြင်၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် စည်းလုံးညီညွတ်သော ကြောင့် ခရစ်တော်၏စရိုက်လက္ခဏာ၊ ပညတ်တော်များနှင့်အညီ အသက်ရှင်နေထိုင်ရန် တာဝန်ရှိ ကြောင်းလည်း ပေါလုရှင်းပြခဲ့သည်။

## ခရစ်တော်ထံ စည်းလုံးညီညွတ်ခြင်း

> သန့်ရှင်းသောဝိညာဉ်တော်၏ဖြစ်တည်ခြင်းနှင့် ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေး သမျှသည် ယေရှုထံ စည်းလုံးညီညွတ်စေသည်…ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရသားတော်နှင့် စည်းလုံးညီညွတ်ခြင်းကြောင့်၊ ယခု ကျွန်ုပ်တို့ကို အသက်ရှင်သောဘုရားသခင်၏ သားသမီးများအဖြစ်အတည်ပြုခဲ့ပြီး ထာဝရသားတော်ယေရှု၏ ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ ဤမျှဆိုလျှင် လုံလောက်ပေလိမ့်မည်၊ သို့သော် နောက်ထပ်ရှိသေးသည်။ ကျွန်ုပ်တို့အတွက် သခင်ယေရှု လုပ်ဆောင်ပေးသောအရာဖြစ်သည့် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးအရ ပေါင်းစည်းခြင်းကို သန့်ရှင်းသောဝိညာဉ်တော်လည်း ကျွန်ုပ်တို့အပေါ် ကျင့်သုံးပါသည်။ ပေါလုသည် ရောမ ၆ တွင်၊ ကျွန်ုပ်တို့၏ အပြစ်၌သေခြင်းနှင့် ဖြောင့်မတ်ခြင်းသို့ထမြောက်ခြင်းအကြောင်း ပြောသောအခါ၊ ဤအကြောင်းကိုပြောခဲ့သည်။ ၎င်းသည် ပေါလုပြောသည်မှာ၊ ယခုအသက်ရှင်မှုပုံစံအသစ်၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် ကျွန်ုပ်တို့၏အသက်တာတွင် အပြစ်တရား၏ လွှမ်းမိုးချုပ်ကိုင်မှုမှ လွတ်မြောက်မှုအသစ်အတွက် ဖန်တီးပေးမည့် အတိုင်းအတာတစ်ခုဖြစ်သည်။ နောက်တဖန် ကျွန်ုပ်တို့သည် ဒုစရိုက်ကိုမပြုတော့ဘဲ၊ ကျွန်ုပ်တို့၏သခင်ကဲ့သို့ အပြစ်တရား၏လွှမ်းမိုးခြင်းကို မည်သည့်အခါမှခံရစရာ မလိုတော့ပြီ။ ၎င်းသည် ကျွန်ုပ်တို့၏ သခင်မဟုတ်တော့ ပြီ၊ ကျွန်ုပ်တို့သည် သေဆုံးခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်သောကြောင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ ပုံသဏ္ဍာန်နှင့် ပို၍လိုက်လျောညီထွေဖြစ်စေရန် သူ၏တစ်သက်တာလုံး၊ စိတ်ရှည်စွာ၊ တိတ်ဆိတ်စွာ၊ မဆုတ်မနစ်လုပ်ဆောင်သည့်အလုပ်ကို စတင်လုပ်ဆောင်ခဲ့သည်။
>
> **Dr Dennis E. Johnson**

သူ၏အကျဉ်းထောင်သြဝါဒစာများတွင်၊ ပေါလုသည် ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်းစည်းမှု သည် အနည်းဆုံးအကြောင်းပြချက်သုံးမျိုးဖြင့် ကျင့်ဝတ်ဆိုင်ရာခရစ်ယာန် အသက်ရှင်ခြင်းသို့ ဦးတည် ကြောင်း ရှင်းပြခဲ့သည်။ ဦးစွာ၊ အကျဉ်းထောင်မှရေးခဲ့သည့်အတိုင်း၊ ယုံကြည်သူများ ခရစ်တော်နှင့်

ပေါင်းစည်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အတွင်း ဘုရားသခင်၏ လုပ်ဆောင်သည့်အဓိပ္ပာယ်ဖြစ်ကြောင်း ပေါလုသည်အလေးပေးဖော်ပြခဲ့သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကာကွယ်ရန် သို့မဟုတ် ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် လုပ်ဆောင်ရန် ဤပြဿနာရှိသောကမ္ဘာပေါ်တွင် တစ်ဦးတည်းကျန်ရစ်ခြင်း မဟုတ်ပါ။ ယင်းအစား၊ ကျွန်ုပ်တို့၏ရှင်ဘုရင်ထံမှ ရရှိထားသော ကျင့်ဝတ်ဆိုင်ရာဝတ္တရားများကို ကျွန်ုပ်တို့သည် နာခံစေရန်နှင့် ဦးဆောင်လမ်းပြရန် ကျွန်ုပ်တို့အတွင်းတွင် ဘုရားသခင်သည် လုပ်ဆောင်ပါသည်။ ဖိလိပ္ပိ ၂:၁၂-၁၃ တွင် ဤပြဿနာများကို ပေါလုဖော်ပြပုံကို နားထောင်ပါ_

> ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါလည်း၊ အကျင့်ကျင့်စေခြင်းငှါလည်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း (ဖိလိပ္ပိ ၂:၁၂-၁၃)။

ဤအခန်းငယ်များတွင် ဖော်ပြသည့်အတိုင်း၊ ဘုရားသခင်ထံအမှုဆောင်ခြင်း၌ ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်းကို “ကြိုးစားအားထုတ်”ရန်တာဝန်ရှိပါသည်။ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စည်းလုံးညီညွတ်သောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၌ လုပ်ဆောင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်အားနာခံရန် ကျွန်ုပ်တို့၏ဆန္ဒကိုလှုံ့ဆော်ပေးသည်၊ သို့မှသာ ကျွန်ုပ်တို့သည် မှန်ကန်စွာနှင့် ကျင့်ဝတ်သိက္ခာရှိစွာ အသက်ရှင်နိုင်မည် ဖြစ်သည်။ ပေါလုသည် ကောလောသဲ ၃:၅-၁၀ တွင် အလားတူစကားများကို တင်ပြခဲ့သည်_

> မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့။...သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွန်ပယ်၍၊ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏ (ကောလောသဲ ၃:၅-၁၀)။

ကျွန်ုပ်တို့သည် ခရစ်တော်နှင့် စည်းလုံးညီညွတ်သောကြောင့်၊ ကျွန်ုပ်တို့၏မြေကြီးသဘာဝကို အသေခံရန်နှင့် ခရစ်တော်၌ ကျွန်ုပ်တို့၏သဘာဝအသစ်ကို ဝတ်ဆင်ရန်ခေါ်ထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ အသက်ရှင်နေထိုင်ရန် ဤ “လူသစ်”ကို အသစ်ပြုပြင်လျက်ရှိသည်။

> ယေရှုခရစ်နှင့် ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းကြောင့် ယခုကျွန်ုပ်တို့ ရရှိထားသည့်အရာမှာ ခရစ်တော်အား ဟုတ်ကဲ့ဟုပြောရန်နှင့် ကျွန်ုပ်တို့အပေါ်၌ရှိသော ဘုရားသခင်၏မျှော်လင့်ချက်များကို ဟုတ်ကဲ့ဟု ပြောနိုင်သော စွမ်းအားဖြစ်သည်။ ပညတ်တရားသည် ပြစ်တင်ရှုတ်ချ

> သည့်အရာမျှသာမဟုတ်တော့ဘဲ၊ ဝိညာဉ်တော်သွန်းလောင်းခြင်းနှင့် ပဋိညာဉ်တရားသစ်၏ ပြည့်စုံခြင်းအားဖြင့်၊ အသက်ပေးသည့် ဝိညာဉ်တော်ဖြစ်သောသူ ရှင်ပြန်ထမြောက်သောခရစ်တော်၌ ကျွန်ုပ်တို့သည် ခွန်အားအစွမ်းရှိခြင်း၊ တတ်နိုင်တော်မူခြင်း၊ ယခုခရစ်တော်အားဖြင့် ဘုရားသခင်ကို နာခံ၍တုံ့ပြန်ရန် လှုံ့ဆော်ခြင်း ခံရပါသည်။ ထို့ကြောင့်၊ ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည် ဝမ်းမြောက်ဝမ်းသာနာခံမှုဖြင့် လျှောက်လှမ်းခြင်းတွင် အမှန်တကယ်ပင်ဖြစ်တည်လာကာ၊ ကျွန်ုပ်တို့အပြစ်ပြု သောအခါ၊ အိုး!၊ကျွန်ုပ်တို့အတွက် ဆုတောင်းပေးရန် အစဉ်အမြဲအသက်ရှင် တော်မူသော ခမည်းတော်နှင့် ကျွန်ုပ်တို့ကြား ရှေ့နေတစ်ဦးရှိသည်။ သို့သော် လက်တွေ့တွင်၊ ထိုနောင်တ၌၊ ကျွန်ုပ်တို့သည် ထိုခွင့်လွှတ်ခြင်းကို ခံစားရသော အခါ၊ ယေရှုခရစ်သည် ထမြောက်ပြီးဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ထမြောက်သောကြောင့်၊ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဖြင့် အသက်ရှင်ရန် တစ်ဖန် တွန်းအားပေးခြင်း ခံရသည်။

**Dr David B. Garner**

ဒုတိယ၊ သားတော်နှင့်စည်းလုံးညီညွတ်သူတိုင်း သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ရမည်ဟု ဘုရားသခင် မိန့်မှာထားကြောင်း ပေါလုသည်အလေးပေးဖော်ပြခဲ့သည်။ သို့သော် ဘုရားသခင်သည် ဤမျှသာ မိန့်တော်မူခဲ့ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် အမှန်တကယ် ကောင်းသောအကျင့်များ လုပ်ဆောင်ရန် ကျွန်ုပ်တို့ကို ကြိုတင်သတ်မှတ်ထားသည်။ ပေါလုသည် ဤအကြောင်းကို ဧဖက် ၂:၁၀ တွင် ရေးသားခဲ့သည်_

> အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည် အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ (ဧဖက် ၂:၁၀)။

ကျွန်ုပ်တို့သည် "ယေရှုခရစ်၌ ဖန်ဆင်းတော်မူရာဖြစ်ကြ၏" ဆိုလိုသည်မှာ ဘုရားသခင်သည် ယေရှုခရစ်နှင့် ပေါင်းစည်းခြင်းအားဖြင့် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည်။ ထိုသို့ပြုရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ကျွန်ုပ်တို့အတွက် ကောင်းသောအကျင့်များ ပြုလုပ်ရန် ခန့်အပ်ထားသောကြောင့်ဖြစ်သည်။

တတိယ၊ ယုံကြည်သူများ ခရစ်တော်နှင့် ပေါင်းစည်းခြင်း ဆိုသည်မှာ ခရစ်တော်အားဖြင့် အချင်းချင်း စည်းလုံးညီညွတ်ခြင်းဖြစ်သည်ဟု ပေါလုဆိုသည်။ ဤအရာသည် ကျွန်ုပ်တို့သည် ခရစ်တော်အား ဆက်ဆံသကဲ့သို့လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်အပေါ် ဆက်ဆံခံလိုသကဲ့သို့ အချင်းချင်း ဆက်ဆံရန် တာဝန်ရှိပါသည်။ ရှင်ပေါလုသည် ဧဖက်၄:၂၅ တွင် ရေးခဲ့သည့်အတိုင်း_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုကြောင့်မုသားစကားကိုပယ်ရှား၍၊ မှန်သောစကားကိုသာ
> အချင်းချင်းတယောက်နှင့် တယောက် ပြောကြလော့။ အကြောင်းမူကား၊
> ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏ (ဧဖက် ၄:၂၅)။

ပေါလု၏ ဆိုလိုရင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်၌အချင်းချင်း စည်းလုံးညီညွတ်ကြပြီး၊ အချင်းချင်း လေးစားစွာဆက်ဆံရန် ဤစည်းလုံးညီညွတ်မှုသည် ကျွန်ုပ်တို့အား တာဝန်ပေးသည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ပြစ်မှားရန်မဟုတ်၊ အားလုံး၏အကျိုးအတွက် လုပ်ဆောင်ရန်ဖြစ်သည်။ ဖိလိပ္ပိ ၂း၁-၃ ၌ ရေးထားသကဲ့သို့ -

> ထိုကြောင့်ခရစ်တော်၌သက်သာခြင်း၊ ...သူတပါးသည် ကိုယ်ထက်သာ၍
> ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက်
> ထင်မှတ်ကြလော့။

ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့ကိုတာဝန်ရှိစေပြီး ကျင့်ဝတ်သိက္ခာရှိစွာ အသက်ရှင်နိုင်စေသည်။ ကျွန်ုပ်တို့အားလုံး ကြုံတွေ့နေရသော ရုန်းကန်မှုများကြားမှ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရှင်ဘုရင်ခရစ်တော်၏ စံနှုန်းအတိုင်း အသက်ရှင်နေထိုင်နိုင်ကြပါသည်။ ထို့ကြောင့်၊ ပေါလု၏အကျဉ်းထောင်သြဝါဒစာများသည် ပေါလု၏ကြွယ်ဝပြီး မျက်နှာပြင်မျိုးစုံသောအယူဝါဒဖြင့် ဖန်ဆင်းခြင်းအားလုံးအပေါ် ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာ ဓမ္မပညာအရ ပေါင်းစပ်ထားပြီး၊ ယုံကြည်သူများ ခရစ်တော်နှင့် ပေါင်းစည်းခြင်းအပါအဝင်၊ ကျွန်ုပ်တို့၏အကျိုးဆက်အနေနှင့် ကျင့်ဝတ်သိက္ခာရှိစွာ နေထိုင်နိုင်မှုတို့ဖြစ်သည်ကို မြင်တွေ့ရပါသည်။ ပေါလု၏အကျဉ်းထောင်သြဝါဒစာများသည် တူညီသော အကြောင်းအရာများစွာကို မျှဝေသည်ကို နောင်လာမည့်သင်ခန်းစာများတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။ သို့သော် ဤတူညီသောအကြောင်းအရာအများစုကို ပေါင်းစပ်ထားသည့် သွန်သင်ချက်မှာ ယေရှုခရစ်သည် ဖန်ဆင်းရှင်ဘုရင်ဖြစ်သည်ဟူသောအချက်ဖြစ်သည်။

# နိဂုံး

---

ပေါလု၏အကျဉ်းထောင်သြဝါဒစာများဆိုင်ရာ ဤနိဒါန်းသင်ခန်းစာတွင်၊ ကဲသရီမြို့နှင့် ရောမမြို့တို့တွင် ပေါလု၏အကျဉ်းချခံရမှု နောက်ခံနှင့် ဤကျမ်းများအတွက် ဖြစ်ပေါ်လာသည့်အခြေအနေများကို ကျွန်ုပ်တို့လေ့လာထားပါသည်။ အကျဉ်းထောင်အတွင်း ပေါလု၏အမှုတော် ဆက်လက်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အခြားသူများအား မျက်နှာချင်းဆိုင်အမှုဆောင်ခြင်းနှင့် သူ၏ကျမ်းများမှတဆင့် အမှုဆောင်ခြင်းနှစ်ခုလုံးကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ နောက်ဆုံးတွင်၊ ပေါလု၏အကျဉ်းထောင်ကျမ်းများအားလုံး၏ ဓမ္မပညာဆိုင်ရာစည်းလုံးညီညွတ်မှုကို မိတ်ဆက်ခဲ့ပါသည်၊ အထူးသဖြင့် ယေရှုခရစ်သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖန်ဆင်းရှင်ဘုရင်ဖြစ်ကြောင်း ပေါလု၏ခိုင်မာသောယုံကြည်ချက်မှ ပေါက်ဖွားလာပုံကို ကျွန်ုပ်တို့ လေ့လာခဲ့သည်။

နောင်သင်ခန်းစာများတွင်၊ ပေါလု၏အကျဉ်းထောင်သြဝါဒစာတစ်စောင်ချင်းစီကို ပိုမိုနီးကပ်စွာ လေ့လာပါမည်။ ထိုသို့လုပ်သည့်အခါ၊ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့လေ့လာခဲ့သောနောက်ခံကို မှတ်သားထားသင့်ပါသည်။ ပေါလုသည် အကျဉ်းထောင်ထဲတွင် အခက်အခဲများကိုကြံ့ကြံ့ခံကာ ထမ်းဆောင်ခဲ့သောအမှုတော်သည် ကောလောသဲ၊ ဧဖက်နှင့် ဖိလိပ္ပိအသင်းတော်များသို့ စာရေးရာတွင် သူ၏လှုံ့ဆော်မှုနှင့် ရည်ရွယ်ချက်များကိုနားလည်ရန် ကူညီပေးမည်ဖြစ်သည်။ ထို့အတူ ဤကျမ်းများတွင် ပေါင်းစည်းထားသည့် ဓမ္မပညာဆိုင်ရာအကြောင်းအရာများကို နားလည်ခြင်းသည် ဤအသင်းတော်တစ်ခုစီအတွက် ပေါလု၏ အထူးညွှန်ကြားချက်များစွာကို နားလည်စေမည်ဖြစ်သည်။ ခရစ်တော်အတွက် အကျဉ်းသားတစ်ဦးအဖြစ် ပေါလု၏ဆင်းရဲဒုက္ခအတွေ့အကြုံများသည် ပထမရာစုတွင် အသင်းတော်များအားရေးသားရာ၌ ညွှန်ကြားချက်များပေးရုံထက် ပိုစေခဲ့သည်။ ပေါလု၏အခြေအနေများ၊ အခြားသူများကို အမှုတော်ဆောင်ရန် သူ၏ကြိုးစားအားထုတ်မှုနှင့် သူ၏စိတ်နှလုံးကို လှုံ့ဆော်ပေးသည့် အဓိကအကြောင်းအရာများအားဖြင့် ဓမ္မသစ်ကျမ်း၏ဤအစိတ်အပိုင်းကို ဖတ်ရှုသောအခါ၊ ၎င်းတို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘဝများ၊ မျက်မှောက်ကမ္ဘာရှိ အသင်းတော်များနှင့်လည်း သက်ဆိုင်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။